ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁ရက်၊ ကြာသပတေးနေ့၊ (21-7-2005) (၄၆၆၃)

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်
ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း၊ရေ၊လေ) ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ တက်ရောက်ကြည့်ရှု

ရန်ကုန် ဇူလိုင် ၂၀

ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစု ဆဋ္ဌမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) နံနက်၉နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂၆)ရပ်ကွက်ရှိ နိကာယ်စာသင်တိုက် ပြည်လုံးချမ်းသာ မဟာသိမ်တော်ကြီး၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညို၍ ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရအမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✪

ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစု ဆဋ္ဌမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်ထံ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘယ်လ်ဂျီယံနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၂၁

၂၀၀၅ခုနှစ် ဇူလိုင် ၂၁ရက်တွင်ကျရောက်သည့် ဘယ်လ်ဂျီယံနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘယ်လ်ဂျီယံနိုင်ငံ ဒုတိယမြောက် အဲလ်ဘတ်ဘုရင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ကြေးမုံ The Mirror ဆောင်းပါးအညွှန်း

- *နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မအူပင် တက္ကသိုလ်ကြီးကို ၂၀၀၂ခုနှစ် ဒီဇင်ဘာလ ၁၈ရက်နေ့တွင် စတင်ဖွင့်လှစ်နိုင်ခဲ့သည်။ ခံ့ညားထည်ဝါသော အဆောက် အအုံကြီးကိုလည်း ၂၀၀၃ခုနှစ် ဇူလိုင် ၁၈ရက်နေ့တွင် ဖွင့်လှစ် ပေးခဲ့သည်။*

ခြင်ကျား(မအူပင်)၏ **“အခွင့်အလမ်းပွင့်၊ အရည်အသွေးမြင့်၊ ပညာခက်ဖြာ လူ့အရင်းအမြစ် စွမ်းရည်ဖွံ့ဖြိုးမှုများ ဒေသတွင်း ပွင့်လန်းဝေဆာ”** ဆောင်းပါး(စာမျက်နှာ–၆)

နိုင်ငံတော် ပွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၂၁-၇-၂၀၀၅
(ကြာသပတေးနေ့)

ဒေသစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်း သီးနှံစုံတိုးချဲ့စိုက်ပျိုးရေး တက်ညီလက်ညီဆောင်ရွက်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည်နှင့်အညီ လယ်ယာစိုက်ပျိုးရေးကို အခြေခံကျကျ မြင့်တင်နိုင်မှသာ အမျိုးသားစီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းမှုကို ထိရောက်စွာ ထောက်ကူပေးနိုင်မည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်က လယ်ယာစိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရေးအတွက် စိုက်ပျိုးရေရရှိရေး အပါအဝင် စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များကို အလေးထား စီမံဖြည့်ဆည်းပေးလျက်ရှိသည်။ တစ်ချိန်တည်းတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေး၊ လူမှုရေး အခြေခံအဆောက်အအုံများစွာတို့ကိုလည်း တည်ဆောက်ဖြည့်ဆည်း ပေးနေသည်ကို တွေ့ရသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အဖွဲ့ဝင်များလိုက်ပါလျက် ဇူလိုင်လ ၁၅ ရက်နေ့က ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့သို့ သွားရောက်၍ အမ်းချောင်းပေါ်တွင် တည်ဆောက်မည့် အမ်းချောင်းရေအားလျှပ်စစ်စီမံကိန်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ခရီးစဉ်အတွင်း အမ်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးမှာကြားရာတွင် မြို့နယ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဥစ္စာရင်လို ဥစ္စာရင်ခဲ ဆောင်ရွက်ကြရေး၊ နိုင်ငံတော်က သတ်မှတ်ပေးထားသော အဓိကသီးနှံများ၊ ဒေသနှင့်ကိုက်ညီသည့် သီးနှံများ တိုးချဲ့နိုင်သမျှ တိုးချဲ့စိုက်ပျိုးကြရေး ပြောကြားသွားသည်။

ရခိုင်ပြည်နယ်သည် ရေမြေရာသီဥတုကောင်းမွန်ပြီး သဘာဝသယံဇာတ ပေါများကြွယ်ဝသည်ဖြစ်ရာ ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဝီရိယစိုက်ထုတ်ကြိုးပမ်းကြရမည်ဖြစ်သည်။

ကျောက်ဖြူခရိုင်အတွင်းရှိ ကျောက်ဖြူ၊ ရမ်းဗြဲ၊ မန်အောင်နှင့် အမ်းမြို့နယ်တို့တွင် မိုးစပါးစိုက်ဧက တစ်သိန်းရှစ်သောင်းကျော် လျာထားစိုက်ပျိုးလျက်ရှိရာ ယခုအခါ ဧကသုံးသောင်းကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

ယခုနှစ် စိုက်ပျိုးရာသီတွင် အမ်းမြို့နယ်အနေဖြင့် မိုးစပါးဧကလေးသောင်းလေးထောင်ကျော်အထိ တိုးချဲ့စိုက်ပျိုးမည်ဖြစ်ရာ ဧကတစ်သောင်းခုနစ်ထောင်ကျော် စိုက်ပျိုးပြီးစီးလျက်ရှိသည်။ ထို့အပြင် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် စိုက်ပျိုးမြေဧက ၂၈၅၀၀ တွင် အထွက်ကောင်းမျိုးများဖြင့် ပြောင်းလဲစိုက်ပျိုးသွားရန် ကြိုးပမ်းလျက်ရှိသည်။

ထို့အပြင် ရော်ဘာဧကငါးရာကျော်နှင့် ငရုတ်ကောင်းဧကနှစ်ထောင်ကျော် စိုက်ပျိုးနိုင်ရေးတို့အတွက် ရော်ဘာပျိုးပင်များ ကျေးရွာစိုက်ခင်းများအရောက် ဖြန့်ဝေရေး၊ တိုးချဲ့စိုက်ပျိုးနိုင်ရေး စီစဉ်လျက်ရှိသည်။

မိုးစပါးများကို လျာထားသတ်မှတ်ချက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရေး၊ နှစ်ရှည်ပင်များ၊ အမယ်သစ်သီးနှံများနှင့် ဒေသနှင့်ကိုက်ညီဖြစ်ထွန်းသည့် သီးနှံများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းရေးတို့အတွက် ဒေသခံတောင်သူလယ်သမားများက ဌာနဆိုင်ရာများ၏ စိုက်ပျိုးရေး ပညာပေး ပံ့ပိုးကူညီမှုများနှင့်အညီ အားသွန်စိုက်ပျိုးကြရမည် ဖြစ်သည်။

ရခိုင်ပြည်နယ်သည် ရေသယံဇာတ ကြွယ်ဝသော ဒေသဖြစ်ရာ ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းများကိုလည်း သိပ္ပံနည်းကျ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ဒေသအလိုက် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာရေးအတွက် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် လက်တွဲညီညီ ကူညီပံ့ပိုးရင်း တောင်သူလယ်သမားများအပိုင်းကလည်း ဝင်ငွေတိုး အကျိုးရှိစေမည့် သီးနှံများကို တက်ညီလက်ညီ ကြိုးပမ်းစိုက်ပျိုး ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ မှော်ဘီတပ်နယ် သစ်ပင်စိုက်ပွဲတော် တက်ရောက်၍ အမှတ်တရ သစ်ပင် စိုက်ပျိုးပေး

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်တိုင်း စစ်ဌာနချုပ် မှော်ဘီတပ်နယ်၏ သစ်ပင်စိုက်ပွဲတော်အခမ်းအနားကို ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ နယ်မြေခံတပ်၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အမှတ်တရ သစ်ပင်ကိုစိုက်ပျိုးပေးသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် ယခင်နှောင်တော်စစ်သည်များနှင့် မိသားစုဝင်များက သစ်ပင်များကို စေတနာထားစိုက်ပျိုးခဲ့သည့်အတွက် စိုက်ပျိုးခဲ့သည့် စားပင်၊ သီးပင်များ၏ အသီးအပွင့်များကို ယခုအခါ အခမ်းအနားသို့ တက်ရောက်လာကြသည့် စစ်သည်၊ မိသားစုဝင်များ ခံစားရရှိနေကြရပြီဖြစ်ကြောင်း၊ ရန်ကုန်တိုင်းသည် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးစီမံကိန်း ဧရိယာအတွင်း တည်ရှိနေသဖြင့် တိုင်းအတွင်းရှိ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များမှ စစ်သည်မိသားစုဝင်များအနေဖြင့် မိမိတပ် အမြဲစိမ်းလန်းစိုပြည်နေအောင် သစ်ပင်များ စိုက်ပျိုးကြရမည်ဖြစ်ကြောင်း၊ သစ်ပင်များစိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေတိုးပွားစေပြီး အဖိုးတန် မြေဆီမြေလွှာကိုလည်း ထိန်းသိမ်းရာရောက်သဖြင့် ရတနာတန်းဝင်အပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်၊ ပန်းအလှပင်၊ ရာသီ သီးနှံပင်နှင့် စီမံကိန်းဝင်အပင်များကို စနစ်တကျ စိတ်ပါဝင်စားစွာဖြင့် အလေးထား စိုက်ပျိုးကြစေလိုကြောင်း၊ သစ်ပင်ကို ချစ်ခင်တန်ဖိုးထားသည့်စိတ်နှင့် သစ်ပင်စိုက်ပျိုးခြင်းကို ဝါသနာပါသည့် အလေ့အထကောင်းများမွေးမြူထိန်းသိမ်းကြစေလိုကြောင်းနှင့် ယနေ့စိုက်ပျိုးခဲ့သည့် သစ်ပင်များကိုရှင်အောင်စိုက်ပျိုး၊ ကြီးအောင်ပြုစု၊ မြဲအောင်ထိန်းသိမ်းသွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မှော်ဘီတပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီးတင်ဦးက တပ်နယ်အတွင်း ပျိုးပင်များ စုဆောင်းထားရှိမှု၊ သစ်ပင်စိုက်ပွဲတော်အတွင်း သစ်ပင်များ စိုက်ပျိုးမည့်အခြေအနေနှင့် သစ်ပင်များရှင်သန်ကြီးထွားမြဲမြံစေရေးအတွက်ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း၊ တိုင်းသစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဝင်းက သစ်ပင်စိုက်ရာသီအတွင်း ပျိုးပင်များ ဝေငှပေးလျက်ရှိသည့် အခြေအနေနှင့် ပဲခူးရိုးမစိမ်းလန်းစိုပြည်စေရေးအတွက် ကျွန်းအထူးစိုက်ခင်းဧက ၁၀၀၀၊ ရေဝေရေလဲစိုက်ခင်းဧက ၂၆၀၀၊ အပင်စုစုပေါင်း ၁၀၆၀၀၀၀ စိုက်ပျိုးထားရှိသည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာကြသူများအား ပျိုးပင်များကို ဝေငှပေးကြသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူများက သစ်ပင်စိုက်ပွဲတော် အထိမ်းအမှတ်အဖြစ် သီဟိုဠ်ပင်များကို အမှတ်တရ စိုက်ပျိုးပေးကြပြီး တပ်ရင်း၊ တပ်ဖွဲ့များမှ စစ်သည်များ၊ မိသားစုဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တပျော်တပါး သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှု အားပေးကြသည်။

ယနေ့ကျင်းပသည့် မှော်ဘီတပ်နယ် သစ်ပင်စိုက်ပွဲတော်တွင် ရတနာတန်းဝင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်နှင့် စီမံကိန်းဝင်ပင် စုစုပေါင်း ၁၂၀၀၀ ကျော်ကို တစ်ချိန်တည်း တစ်ပြိုင်တည်း စိုက်ပျိုးကြသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ မှော်ဘီတပ်နယ် မိုးရာသီ သစ်ပင်စိုက်ပျိုး ပွဲတော် အခမ်းအနားတွင် အမှတ်တရ သစ်ပင်စိုက်ပျိုးပေးစဉ်။ (ရန်ကုန်တိုင်း)

ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်တိုင်း ကော့မှူးမြို့နယ် ကသစ်ကုန်းအရိမဒ္ဒနာရာမ ပရိယတ္တိစာသင်တိုက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီး၏ တပည့် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဇူလိုင် ၂၄ ရက် မွန်းတည့် ၁၂ နာရီတွင် အမှတ် (၁၅) ကြားတောရလမ်း ရွှေတိဂုံဘုရားအရှေ့မုခ် တိပိဋကမေ့မရက္ခိတ မေ့မိမာန်တွင် ဆက်ကပ်လှူဒါန်းပူဇော်မည်ဖြစ်သည်။ (က-ပ)

လှိုင်းကော်မြို့ ဝင်းသူဇာအရောင်းဆိုင်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

ကယားပြည်နယ် လှိုင်ကော်မြို့၌ ဝင်းသူဇာအရောင်းဆိုင်ဖွင့်ပွဲ အခမ်းအနားကိုဇူလိုင် ၁၈ ရက်တွင် ကျင်းပရာ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး လှမြင့်ရွှေနှင့် ဇနီး ဒေါ်ချိုချိုသန်း၊ အမှတ် (၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည် မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ လှိုင်ကော်တပ်နယ်ရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မှူးများ၊ ပြည်နယ်နှင့် ခရိုင် ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ဝင်းသူဇာအရောင်းဆိုင် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကိုရှင်းလင်းတင်ပြ၍ နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဖွင့်ပွဲ အထိမ်းအမှတ်အလံများကို ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသို့လည်းကောင်း၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသို့လည်းကောင်း၊မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသို့ လည်းကောင်း ပေးအပ်သည်။

ထို့နောက် မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီနှင့် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးတင်ထွန်းတို့က ဖဲကြိုးဖြတ်၍ လှိုင်ကော်မြို့ ဝင်းသူဇာအရောင်းဆိုင်ကို ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး လှမြင့်ရွှေက စက်ခလုတ်နှိပ်၍ လှိုင်ကော်မြို့ ဝင်းသူဇာအရောင်းဆိုင် ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ဧည့်သည်များသည် ဝင်းသူဇာအရောင်းဆိုင်ကို ကြည့်ရှုအားပေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ လှိုင်ကော်မြို့ ဝင်းသူဇာအရောင်းဆိုင်၌ စက်မှု(၁) ထွက်ကုန်ပစ္စည်း အမယ်ပေါင်း ၁၉၈ မျိုး၊ တန်ဖိုးအားဖြင့်ငွေ ၄၅ ဒသမ ၃၄ သန်းကို ခင်းကျင်းရောင်းချလျက်ရှိရာ ဈေးဝယ်သူများဖြင့် စည်ကားလျက်ရှိပြီး ဆိုင်စတင်ဖွင့်လှစ်သည့် နေ့တွင် ငွေကျပ် ၄၅ ဒသမ ၉သိန်းဖိုး ရောင်းချခဲ့သည်။

(သတင်းစဉ်)

ဘီးလင်းမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၂၀

ဘီးလင်းမြို့နယ် အသင်း၏(၂၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် (၂၅)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကို ဇူလိုင် ၃၁ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် စမ်းချောင်းမြို့နယ် ကျွန်းတောလမ်း ဘီးလင်းတိုက်သစ်ကျောင်း၌ ကျင်းပမည် ဖြစ်သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ (ဝေဠုဝန်)၊ ဝေဠုဝန် နိကာယဂိုဏ်းကြီး ၏ ဒုတိယ အကျိုးတော်ဆောင်ချုပ်၊ ဘီးလင်းတိုက်သစ်ဆရာတော် ဘဒ္ဒန္တ ပညောဘာသအား အမှူးထား၍ သံဃာတော်အရှင်သူမြတ်တို့အား ဝါဆိုသင်္ကန်းနှင့် ဆွမ်းခဲဖွယ်တို့ကို ဆက်ကပ် လှူဒါန်းမည်ဖြစ်သည်။

ပညာရည်ချွန်ဆုအတွက် ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်သော အသင်းဝင် သား၊ သမီးတို့၏ အမည်စာရင်းကို အမှတ်စာရင်းမိတ္တူနှင့်အတူ ဇူလိုင် ၂၅ ရက်နောက်ဆုံးထား၍ ဒုတိယဗိုလ်မှူးကြီး ခင်စိုး(ငြိမ်း)ဖုန်း-၅၇၇၀၇၆၊ ဦးအောင်မြင့်လွင် ၅၇၂၁၉၄၊ ဦးသန့်ကြီး ၅၃၉၇၅၈၊ ဦးကျော်အေး ၂၄၈၀၀၁ တို့ထံ ပေးပို့ရန်နှင့် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို အသင်းတည်ရာ ဘီးလင်း တိုက်သစ်ကျောင်းသို့ ပေးပို့လှူဒါန်းနိုင်သည်။ (က-ပ)

✧ **ကျောဖုံးမှ**

ဒါနပြုကြသူများ၊ ဆရာတော် သံဃာတော်များ၏ တရားဒေသနာတော် နာကြားကြသူများဖြင့် စည်ကားလျက်ရှိသည်။

အထူးသဖြင့် ရင်ပြင်တော် သန့်ရှင်းရေး ဝေယျာဝစ္စအသင်းများ၊ ဝတ်အသင်းများနှင့် တစ်သီးပုဂ္ဂလ အလှူရှင်များ၏ ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ စတုဒိသာဒါနပေးလှူပွဲ၊ စုပေါင်းသီလခံယူဆောက်တည်ပွဲ၊ တရားအားထုတ်ပွဲများဖြင့် စည်ကားလျက်ရှိပြီး ညပိုင်းတွင်လည်း ဝတ်ရွတ်ပူဇော်ပွဲများဖြင့် စည်ကားလျက်ရှိသည်ကိုတွေ့ရှိရသည်။

ဆူးလေစေတီတော်

ဆူးလေစေတီတော် စေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော ၁၃၆၇ခုနှစ်၊ ဝါဆိုရွှေကြာသင်္ကန်းကပ်လှူပွဲနှင့် ဓမ္မစကြာအခါတော်နေ့ပူဇော်ပွဲကို ယနေ့အရုဏ်တက် အချိန်မှစ၍ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ဝတ်အသင်းများက စေတီတော် မြောက်ဘက်မုခ်အာရုံခံတန်ဆောင်းတွင် မြတ်စွာဘုရားအား ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးဆွမ်းများကပ်လှူခြင်း၊ သီလခံယူဆောက်တည်ခြင်း ကောင်းမှုကုသိုလ်များ ဆည်းပူးကြပြီး နံနက်၈နာရီတွင်ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတွဲဖက်အတွင်းရေးမှူး ဦးတင်စိုးနှင့် ဂေါပကအဖွဲ့ဝင်များ ဦးဆောင်၍ ပန်းဖလားကိုင်၊ သာသနာ့အလံကိုင်၊ ကြေးစည်နှင့် ငွေဖလားကိုင် ဝတ်အသင်းများ၊ ဝန်ထမ်းများနှင့် ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရွှေကြာသင်္ကန်းအလှူရှင်များက ဆူးလေစေတီတော် မုခ်လေးမုခ်ရှိ ကကုသန်၊ ဂေါဏာဂုံ၊ကဿပနှင့် ဂေါတမမြတ်စွာဘုရားလေးဆူနှင့် အတုလမာန်အောင်ဆုတောင်းပြည့် ရုပ်ရှင်တော်တို့အား ကပ်လှူမည့် ရွှေကြာသင်္ကန်းများကို စေတီတော်ကြီးအား လက်ယာရစ်

သုံးပတ် လှည့်လည်ပူဇော်ကာ ဗုဒ္ဓရုပ်ပွားတော်များအား ရွှေကြာသင်္ကန်းတော်များကို လွှမ်းခြုံဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် စေတီတော်ရင်ပြင်ကျက်သရေဆောင်ခန်းမ၌ ဝန်ထမ်းဝတ်အဖွဲ့က ဇယမင်္ဂလာဂါထာတော်များ ရွတ်ဆိုပူဇော်ကြသည်။ ဆက်လက်၍ မွန်းလွဲ၁နာရီတွင် စေတီတော်မြောက်ဘက်မုခ် အာရုံခံတန်ဆောင်း၌ ဝတ်အသင်းများက ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဖတ်ပူဇော်ကြသည်။

ဗိုလ်တထောင်စေတီတော်

ထို့အတူ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်တွင် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ဝါတွင်းကာလ စုပေါင်းသီလခံယူပွဲနှင့် တရားပွဲများကို ယနေ့စတင်ကျင်းပရာ မွန်းလွဲ ၁၂နာရီခွဲတွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တိပိဋကမဟာဂန္ဓဝင်ကျောင်း ဆရာတော် ပါဠိပါရဂူ အဂ္ဂမဟာ အကျော် ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ ဘဒ္ဒန္တဩဘာသာဘိဝံသက လည်းကောင်း၊ ညနေ၃နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် သူဌေးတန်းကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတာဘိဝံသကလည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားဒေသနာတော်များ ဟောကြားချီးမြှင့်တော်မူကြသည်။ ထို့အပြင် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်တွင်အရုဏ်ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာ ဆက်ကပ်လှူဒါန်းကြသူများ၊ သီတင်းသီလ ဆောက်တည်ကြသူများ၊ ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားများပြားသည်ကိုတွေ့ရသည်။

ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့က မဟာဝိဇယစေတီတော်တွင် ဘုရားဖူးများ စည်ကားနေသည်ကိုတွေ့ရစဉ်။ (ကြေးမုံ)

ကမ္ဘာအေးစေတီတော်

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ ဓမ္မစကြာ အခါတော်နေ့ ဓမ္မပူဇာမင်္ဂလာ အခမ်းအနားနှင့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ အာရုံခံတန်ဆောင်းနှင့် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်တို့၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များနှင့် ဝတ်အသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဓမ္မစကြာအခါတော်နေ့ ဓမ္မပူဇာမင်္ဂလာအခမ်းအနားကို အာရုံခံတန်ဆောင်း၌ကျင်းပရာ သမ္မာသမ္ဗုဒ္ဓသုံးလောကထွတ်ထား မြတ်စွာဘုရားအမှူးပြုပြီး လက်ယာတော်ရံ ပညာအရာ ဧတဒဂ်ရ အရှင်သာရိပုတ္တရာနှင့် လက်ဝဲတော်ရံ တန်ခိုးတော်အရာ ဧတဒဂ်ရ အရှင်မဟာမောဂ္ဂလာန် ရဟန္တာအရှင်မြတ်နှစ်ပါးတို့အား ပင့်လျှောက်ပြီး ကမ္ဘာအေးဘုရားရှိခိုးနည်းဖြင့် ရှိခိုးပူဇော်ကြသည်။

ထို့နောက် ဓမ္မစကြာအခါတော်နေ့ အကြောင်း မင်္ဂလာထောမနာစကားကို ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးစိန်ဦးက ပြောကြားပြီး ဓမ္မစကြာသုတ်အမွှန်း၊ ဓမ္မစကြာသုတ်ပါဠိတော်၊ အနတ္တလက္ခဏာသုတ်အမွှန်းနှင့် အနတ္တလက္ခဏာသုတ်ပါဠိတော်တို့ကို စုပေါင်းရွတ်ဖတ်ပူဇော်ကြကာ မေတ္တာပို့အမျှပေးဝေကြသည်။

ယင်းနောက် ဆုတောင်းပတ္ထနာ မေတ္တာပို့ကဗျာများကို ရွတ်ဆိုဆုတောင်းကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ဓမ္မစကြာအခါတော်နေ့ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များဖြစ်ကြသော ဦးစိန်ဦးနှင့် ဦးမြသိန်းတို့က အလှူရှင်များနှင့် ဝတ်အသင်းအဖွဲ့ဝင်များနှင့်အတူ မဟာဇိနိန္ဒရုပ်ပွားတော်အားလည်းကောင်း၊ ဂေါပကအဖွဲ့ဝင် ဦးတင်ဦးက အလှူရှင်များ၊ ဝတ်အသင်းအဖွဲ့ဝင်များနှင့်အတူ ဂေါတမမြတ်စွာဘုရားအား လည်းကောင်း၊ ဂေါပကအဖွဲ့ဝင် ဦးလှမင်းက အလှူရှင်များ၊ ဝတ်အသင်းအဖွဲ့ဝင်များနှင့်အတူ ကဿပမြတ်စွာဘုရားအား လည်းကောင်း၊ ဂေါပကအဖွဲ့ဝင် ဦးခင်မောင်အေးက အလှူရှင်များ၊ ဝတ်အသင်းအဖွဲ့ဝင်များနှင့်အတူ ကောဏာဂုံမြတ်စွာဘုရားအား လည်းကောင်း၊ ဂေါပကအဖွဲ့ဝင် ဦးစောကြိုင်က အလှူရှင်များ၊ ဝတ်အသင်းအဖွဲ့ဝင်များနှင့်အတူ ကကုသန် မြတ်စွာဘုရားအား လည်းကောင်း၊ ဂေါပကအဖွဲ့ဝင် ဦးစံရင်က အလှူရှင်များ၊ ဝတ်အသင်းအဖွဲ့ဝင်များနှင့်အတူ ဒီပင်္ကရာမြတ်စွာဘုရားအားလည်းကောင်း၊ စေတီတော်ဗဟိုဝတ်အသင်းဝင်များက မဟာဗုဒ္ဓဝင်ရုပ်ပွားတော်အားလည်းကောင်း ဝါဆိုသင်္ကန်းများဆက်ကပ်လှူဒါန်းကြသည်။



သာသနာရေးဝန်ကြီးဌာနအခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းနည်းပြ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တပညာသာမိ (မာဂဓီ–သာစည်) ဆရာတော်ဦးဆောင်သော အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်း သင်တန်းသူများ ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာသိမ်တော်ကြီး၌ ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့အခမ်းအနားကို စုပေါင်းကျင်းပစဉ်။ (သတင်းစဉ်)

လမ်းမတော်မြို့နယ် အနော်ရထာလမ်း–၁၀လမ်းထိပ် ပြည်လုံးချမ်းသာ မဟာဝါဠုကစေတီတော်တွင် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၀ရက်က ကျင်းပရာ သရက်တောကျောင်းတိုက် အလယ်တိုက်ကျောင်း အရှင်ဦးဝိစာရဏအရှင်မြတ်အား လမ်းမတော်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးခင်သန်းနှင့် အမှတ်(၄)ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်ဆွေအောင်တို့ ဝါဆိုသင်္ကန်းကပ်လှူကြစဉ်။ (၄၃)

လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်

ရန်ကုန်မြို့ အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်၌ တည်ထားကိုးကွယ်သော လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးတွင် ဂေါပကအဖွဲ့ကကြီးမှူးကျင်းပသော ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)အခမ်းအနားကို ယနေ့နံနက် ၅ နာရီတွင် ကျင်းပရာ အရှေ့ကြို့ကုန်းရပ်ကွက်မှ ဆရာတော် သံဃာတော်များ ကြွရောက်ကြပြီး မင်းဓမ္မကုန်းတော် ဘက်စုံကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရိန်အောင်ဗိုလ်နှင့် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဘုရားဖူးပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရိန်အောင်ဗိုလ်က သဗ္ဗဓေယျမင်္ဂလာဂါထာတော်ကို ရွတ်ဖတ်ပူဇော်ပြီး ပရိသတ်များက ဥပုသ်သီလခံယူဆောက်တည်ကြကာ မြတ်စွာဘုရားအား အရုဏ်ဆွမ်း၊ သစ်သီး၊ ဆီမီး၊ ပန်း၊ ရေချမ်း၊ အမွှေးနံ့သာများဖြင့် ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နံနက် ၆နာရီခွဲတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက လောကချမ်းသာ အဘယ လာဘမုနိရုပ်ပွားတော်မြတ်ကြီး ယွန်းသပိတ်တော်ကြီးတွင် ဆွမ်းဆက်ကပ်လှူဒါန်းပြီး ရုပ်ပွားတော်ကြီးအား ရွှေကြာသင်္ကန်း လွှမ်းခြုံလှူဒါန်းသည်။

ယင်းနောက် သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့်ဂေါပကအဖွဲ့ဝင်များက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး ဝတ်အဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဖတ်ပူဇော်ကြသည်။

အဆိုပါ လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး၌ ဝါဆိုပန်း၊ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာကပ်လှူပူဇော်ကြသူ များ၊ ဒါန၊သီလ၊ ဘာဝနာကုသိုလ်ပုညများ ပွားများကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ဗဟန်းမြို့နယ်ရှိ ငါးထပ်ကြီး၌လည်း ဂေါပကအဖွဲ့ကကြီးမှူး၍ မြတ်စွာဘုရားအား ပန်း၊ ရေချမ်း၊ ဆီမီးဆက်ကပ်လှူဒါန်းခြင်း၊ အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း ကုသိုလ်ကောင်းမှုများကို အရုဏ်တက်အချိန်မှစ၍ ဆည်းပူးကြပြီး ဝါတွင်းကာလ သီလပေးပွဲနှင့် တရားပွဲအဖြစ် ဂေါပကဩဝါဒါစရိယ ငါးထပ်ကြီးကျောင်းတိုက် ဆရာတော် ဗဟုဇနဟိတဓရ ဒီဃဘာဏက ဘဒ္ဒန္တဝါယမက သီလပေး၍ နိဗ္ဗာန်ရောက်ကြောင်းတရား တော်ဟောကြားတော်မူသည်။

စွယ်တော်မြတ်စေတီတော်

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေ၌ တည်ထားကိုးကွယ်တော်မူသော ဝရဒါဠ္ဍာဓာတုစေတိယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်) ဂေါပကအဖွဲ့က ကြီးမှူး၍ အဌမအကြိမ် ဓမ္မစကြာအခါတော်နေ့နှင့်ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် အဆိုပါစေတီတော် ဂန္ဓကုဋိတိုက်အတွင်း၌ကျင်းပရာ စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယမရမ်းကုန်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ကန်ဦးဇေတဝန်စာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒသာမိဘိဝံသထံမှ ကိုးပါးသီလကို ခံယူဆောက်တည်ကြပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဂေါပကအဖွဲ့ဝင်များ၊ သာသနာ့ဝေယျာဝစ္စအဖွဲ့တို့မှ အလှူရှင်များက ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဝတ်အဖွဲ့များက ဓမ္မစက္ကပ ဝတ္တနသုတ်ဒေသနာတော် ပါဠိအနက်များဖြင့် ဆက်လက်ပူဇော်ကြသည်။

မဟာဝိဇယစေတီတော်

အလားတူ မဟာဝိဇယစေတီတော်တွင် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် စတုတ္ထအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ ဂေါပကအဖွဲ့ဩဝါဒါစရိယ ဆရာတော်များဖြစ်တော်မူကြသော ဒဂုံမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တရေဝတနှင့် ဗဟန်းမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဘဒ္ဒန္တနေမိန္ဒတို့ အမှူးပြုတော်မူသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဘုရားဖူးပြည်သူများ တက်ရောက်ကြည်ညိုကြကာ ဂေါပကအဖွဲ့ဝင်များနှင့်အလှူရှင်များက ဆရာတော်သံဃာတော်များအား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာ့ရိပ်သာ ဖားအောက်တောရ ရိပ်သာခွဲ (သန်လျင်)၏အဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင်၁၆ရက်က သီရိခေမာဓမ္မသာလာဓမ္မာရုံ၌ကျင်းပရာ ရေဦးဆရာတော်ကြီးအား ရိပ်သာဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမင်းတင်မွန်က ဝါဆိုသင်္ကန်းဆက်ကပ်စဉ်။ (၅၂၇)

ထို့အပြင် မဟာဝိဇယစေတီတော်တွင် (၁၄)ကြိမ်မြောက် ဝါတွင်းကာလ ဝတ်ရွတ်ပူဇော်ပွဲကိုကျင်းပရာ နံနက် ၆နာရီမှ ညနေ ၆နာရီအထိ အမှတ်(၂) တပ်မတော်ဆေးရုံဝတ်အသင်း၊ မင်္ဂလာဗျူဟာသီရိမင်္ဂလာဝတ်အသင်း၊ အရှင်အဋ္ဌဂေါဏဝတ်အသင်း၊ နိဗ္ဗာနမဂ္ဂကာရီဝတ်အသင်းနှင့် မြတ်ရောင်ခြည်ဝတ်အသင်းတို့က ဝတ်ရွတ်စဉ်များဖြင့် အလှည့်ကျ ရွတ်ဆိုပူဇော်ကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❍

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ တိုးချဲ့ဖွဲ့စည်းရေး ဂျီ-၄ နှင့် အာဖရိကသမဂ္ဂ သဘောတူညီမှု မရ

ကုလသမဂ္ဂ ဇူလိုင် ၁၉

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ တိုးချဲ့ဖွဲ့စည်းရေးအတွက် ဘရာဇီး၊ အိန္ဒိယ၊ ဂျာမနီနှင့်ဂျပန်နိုင်ငံ ဂျီ-၄ အုပ်စုတို့မှ နိုင်ငံခြားရေးဝန်ကြီးများသည် အာဖရိကသမဂ္ဂ (အေယူ)နှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့သော်လည်း မည်သည့်သဘောတူညီချက်ကိုမျှ မရရှိကြောင်း၊ သို့ရာတွင် ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်သွားရန် ကတိပြုထားကြောင်း အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီး မန်မိုဟန်ဆင်းက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် အမြဲတမ်း အဖွဲ့ဝင်နိုင်ငံများဖြစ်ရန် မျှော်မှန်းထားသည့် ဂျီ-၄ အုပ်စုမှ နိုင်ငံများသည် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် မဲခွဲသည့်အခါ ထောက်ခံမှုများရရှိရန် အာဖရိက သမဂ္ဂနိုင်ငံများအား စည်းရုံးလျက်ရှိသည်။

ဂျီ-၄ အုပ်စုမှ နိုင်ငံခြားရေးဝန်ကြီးများသည် နိုင်ဂျီးရီးယား၊ တောင်အာဖရိက၊ အီဂျစ်နှင့် လစ်ဗျားနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများနှင့် တွေ့ဆုံဆွေးနွေးခဲ့သော်လည်း လုံခြုံရေးကောင်စီ တိုးချဲ့ရေးကိစ္စတွင် သဘောတူညီချက် မရရှိခဲ့ပေ။ လုံခြုံရေးကောင်စီ တိုးချဲ့ဖွဲ့စည်းရေးအတွက် အဖွဲ့ဝင် ၁၉၁နိုင်ငံရှိ အထွေထွေညီလာခံ၏ နိုင်ငံသုံးပုံနှစ်ပုံက ထောက်ခံရန် လိုအပ်သည်။

ဂျီ-၄ အုပ်စုဝင် နိုင်ငံများသည် အဖွဲ့ဝင် ၅၃နိုင်ငံ ပါဝင်သော အာဖရိကသမဂ္ဂ၏ ထောက်ခံမှုမရရှိပါက အထွေထွေညီလာခံတွင် မဲခွဲဆုံးဖြတ်သည့်အခါ ၎င်းတို့၏ အဆိုပြုချက် အထမြောက်နိုင်မည် မဟုတ်ပေ။

ဂျီ-၄ နိုင်ငံများနည်းတူ အမေရိကန်နိုင်ငံများသည်လည်း လုံခြုံရေးကောင်စီတွင် အဖွဲ့ဝင်နိုင်ငံများဖြစ်ရန် မျှော်မှန်းထားပြီး ဂျီ-၄အုပ်စု၏ ထောက်ခံမှုကို အပြန်အလှန်ရရှိရန် ရည်ရွယ်သည်။

လုံခြုံရေးကောင်စီ တိုးချဲ့ရေးကိစ္စကို ဇူလိုင် ၂၅ ရက်တွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ပြုလုပ်မည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂဆိုင်ရာ သံအမတ်ကြီးများက ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

ဘဂ္ဂဒက်မြို့တွင် အမေရိကန် တပ်ဖွဲ့မှ ယာဉ်တစ်စီး ဗုံးဖောက်ခွဲ တိုက်ခိုက်ခံရပြီးနောက် ပျက်စီးနေသည်ကို ဇူလိုင် ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင်သေဆုံးသည့် တပ်ဖွဲ့ဝင်များ၏ အမည်စာရင်း ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာ

လန်ဒန် ဇူလိုင် ၁၉

အီရတ်နိုင်ငံတွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် စနေနေ့က သေဆုံးခဲ့သည့် ဗြိတိသျှတပ်ဖွဲ့ဝင်သုံးဦး၏ အမည်များမှာ ရစ်ချတ်ရှီယားရား၊ လီယွန်စပိုက်စာနှင့် ဖိလစ်ဟီဝက်တို့ဖြစ်ကြောင်း ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားသည်။

၎င်းတို့သုံးဦးသည် စတက်ဖို့ရှိုင်းယားတပ်ရင်းမှဖြစ်ပြီး အီရတ် အရှေ့တောင်ပိုင်းရှိ အမ်ဆာရာမြို့တွင် သေဆုံးခဲ့ကြခြင်း ဖြစ်သည်။

ယင်းတပ်ရင်းသည် ဧပြီလနောက်ပိုင်းကတည်းကရှိခဲ့ပြီး မေဆန် အထူးတပ်ဖွဲ့အဖြစ် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

သေဆုံး

အသက် ၂၆နှစ်ရှိ ဒုတိယဗိုလ် ရစ်ချတ် ရှီယားရားနှင့် ၎င်း၏ ကိုယ်ရံတော် အသက် ၂၆ နှစ်ရှိ ရိုးရိုးတပ်ဖွဲ့ဝင်တို့သည် ချက်ချင်းသေဆုံးခဲ့သည်ဟု ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာနက ဝက်ဘ်ဆိုက်တွင် တနင်္ဂနွေနေ့က ဖော်ပြခဲ့သည်။

ရိုးရိုးတပ်ဖွဲ့ဝင်ဖြစ်သူ အသက် ၂၁နှစ်ရှိ ယာဉ်မောင်း ဖိလစ်ဟီဝက် ထိခိုက်ဒဏ်ရာရရှိပြီး ယင်းဒဏ်ရာဖြင့် သေဆုံးခဲ့သည်ဟု ဆိုသည်။

အခြားတပ်ဖွဲ့ဝင်နှစ်ဦးလည်း ယင်းတိုက်ခိုက်မှုအတွင်း ဒဏ်ရာအနည်းငယ်စီ ရရှိခဲ့သည်။

မေလအတွင်းကလည်း ဗြိတိသျှတပ်ဖွဲ့ဝင်နှစ်ဦး ဘာဆာရာမြို့မြောက်ပိုင်းရှိ မေဆန်ပြည်နယ် မြို့တော်တစ်နေရာတွင် သီးခြားတိုက်ခိုက်မှုဖြစ်ပွားစဉ်အတွင်း သေဆုံးခဲ့သည်။

အီရတ်တွင် သေဆုံးသည့် ဗြိတိသျှတပ်ဖွဲ့ဝင်ဦးရေသည် ၉၂ဦးအထိ ရှိခဲ့ပြီဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ။

အီရတ်တွင်ဗုံးပေါက်ကွဲ ကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၁၉

အီရတ်နိုင်ငံ အလယ်ပိုင်းဒေသတွင် ကားဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ယင်းဒဏ်ရာဖြင့်ပင် သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အမေရိကန် တပ်ဖွဲ့ဝင်များက ဘဂ္ဂဒက်မြို့တော် တောင်ပိုင်းတွင် စစ်ရေးလှုပ်ရှားမှုများ ပြုလုပ်နေစဉ် သောကြာနေ့က ဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိခဲ့ပြီး ယင်းဒဏ်ရာကြောင့် စနေနေ့တွင် သေဆုံးခဲ့ရသည်ဟု စစ်ဘက်က ပြောကြားသည်။

အမေရိကန်ဦးဆောင်၍ အီရတ်နိုင်ငံအား ၂၀၀၃ခုနှစ် မတ်လက ကျူးကျော်တိုက်ခိုက်ပြီးသည့်နောက် အီရတ်တွင် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၁၇၆၅ဦးရှိပြီဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

နိုင်ငံတကာ သတင်းများ

ရိုမေးနီးယားတွင် ရေလွှမ်းမိုးမှုဖြစ်ပွား သေဆုံးသူဦးရေ ၂၇ ဦးရှိ

ဘူခါရက် ဇူလိုင် ၁၉

ရိုမေးနီးယားနိုင်ငံတွင် လွန်ခဲ့သည့်ရက်သတ္တပတ်အတွင်း ရေလွှမ်းမိုးမှုကြောင့် သေဆုံးသူဦးရေသည် ၂၁ ဦးအထိ မြင့်တက်လာခဲ့ပြီး ယခုအထိ သေဆုံးသူဦးရေစုစုပေါင်းသည် ၂၇ ဦး ရှိသွားပြီဖြစ်ကြောင်း အာဏာပိုင်များက တနင်္လာနေ့က ပြောကြားသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အိမ်များ ရေမြုပ်၊ လမ်းများပျက်စီးကာ နိုင်ငံအရှေ့ပိုင်းရှိ ရိုမေးနီးယားပြည်သူ ၂၂ သန်း ဒုက္ခရောက်ခဲ့ကြရပြီးနောက် လူများထောင်သောင်းချီ၍ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

ဗရန်စီးဒေသတွင် ရေလွှမ်းမိုးမှုကြောင့် နောက်ထပ်လူတစ်ဦး သေဆုံးခဲ့သည်ဟု အစိုးရကြေညာချက်တွင် ဖော်ပြထားသည်။

ရေလွှမ်းမိုးမှုကြောင့် အိုးအိမ် ၂၀၀၀ ပျက်စီးပြီး ၆၉၆ အိမ် လုံးဝပျက်စီးသွားခဲ့သည်။ ထို့အပြင် လယ်မြေဟက်တာ ၉၄၀၀၀ ထိခိုက်ပျက်စီးခဲ့သည်ဟု ဆိုသည်။

ကြေညာ

ရိုမေးနီးယားနိုင်ငံတွင် ရေလွှမ်းမိုးမှုကြောင့် ပျက်စီးမှုကို ကူညီသည့်အနေဖြင့် ရိုမေးနီးယား အခြေခံအဆောက်အအုံ ပြန်လည်တည်ဆောက်ရန်နှင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးစေရန်အတွက် ဥရောပသမဂ္ဂက ကနဦးအားဖြင့် ယူရိုငွေ သန်း ၇၀ (အမေရိကန်ဒေါ်လာ ၈၄ ဒသမ ၅ သန်း)ကူညီရန် သဘောတူညီထားသည်ဟု ကြေညာချက်တွင် ဖော်ပြသည်။

ပျက်စီးမှုနှင့်ပတ်သက်၍ ခန့်မှန်းပြောကြားမှုမရှိသေးပေ။ သို့ရာတွင် ယခုရေလွှမ်းမိုးမှုသည် ရိုမေးနီးယား အနောက်ပိုင်းဒေသတွင် ဧပြီလနှင့် မေလက ရေလွှမ်းမိုးခဲ့မှုထက် ဆိုးရွားသည်ဟု တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။***အမ်အင်အေ၊ ရိုက်တာ။***

ကက်ရှ်မီးယားဒေသတွင်ကားဗုံးပေါက်ကွဲ ရှစ်ဦးသေဆုံးပြီး ၁၅ဦး ဒဏ်ရာရရှိ

ကက်ရှ်မီးယား(အိန္ဒိယ) ဇူလိုင် ၂၀

အိန္ဒိယ ကက်ရှ်မီးယားဒေသတွင် ယနေ့မွန်းလွဲပိုင်းက ဗုံးတစ်လုံးပေါက်ကွဲရာ ရှစ်ဦးသေဆုံးပြီး ၁၅ဦးဒဏ်ရာရရှိသွားကြောင်းသတင်းများအရသိရှိရသည်။

ဗုံးပေါက်ကွဲရာနေရာမှာ နွေရာသီမြို့တော်ဖြစ်သော ဆရီနာဂါမြို့၏ အထူးလုံခြုံရေး တင်းကျပ်ထားရာဒေသရှိ ကျောင်းတစ်ကျောင်းအနီးတွင်ဖြစ်သည်။

အိန္ဒိယပြည်နယ်ပြောရေးဆိုခွင့်ရှိသူ အယ်လ်တပ်ဗ်မှုဒန်က ယခုဗုံးခွဲမှုမှာ ကက်ရှ်မီးယား ခွဲထွက်ရေးသမားများလက်ချက်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဟစ်ဘူလ်မူဂျာဟစ်ဒင်အဖွဲ့ကလည်း ယခုဗုံးပေါက်ခွဲမှုများမှာ ၎င်းတို့လက်ချက်ဖြစ်ကြောင်းကြေညာသွားခဲ့သည်။ ဖောက်ခွဲရေးသမားက ကားမောင်းဝင်လာပြီး ဖောက်ခွဲခြင်းဖြစ်သည်ဟု အိန္ဒိယစစ်ဘက်ကဆိုသော်လည်း မူဂျာဟစ်ဒင်တို့က အဝေးထိန်းခလုတ်ဖြင့် ဖောက်ခွဲခြင်းဖြစ်ကြောင်းပြောကြားခဲ့သည်။

အင်တာနက်။

စပိန်နိုင်ငံ အလယ်ပိုင်းဒေသတွင် မိုးခေါင်မှု ဖြစ်ပွားပြီးနောက် တောမီးလောင်နေသည်ကို ဇူလိုင် ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တောမီး ငြိမ်းသတ်စဉ် စပိန် မီးသတ်သမား ၁၁ ဦး သေဆုံး

မဒရစ် ဇူလိုင် ၁၉

စပိန်နိုင်ငံ အလယ်ပိုင်းတွင် ၁၇ ကီလိုမီတာ ရှည်လျားသော တောမီးလောင်မှုကြီး တနင်္ဂနွေနေ့က ဖြစ်ပွားခဲ့သည်။ အဆိုပါ တောမီးလောင်ကျွမ်းမှုကြောင့် အနည်းဆုံး မီးသတ်သမား ၁၁ဦးသေဆုံးခဲ့သည်ဟု ဒေသဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မဒရစ်မြို့ အရှေ့ ဂူဒါလာဂျာရာဒေသရှိ သစ်တောမြေဟက်တာ ထောင်ပေါင်းများစွာ မီးလောင်ကျွမ်းခဲ့ရသည်။ လူ ၁၄ ဦးမှာလည်း တောမီးဝိုင်းခံရမှုကြောင့် သေဆုံးခဲ့ရသည်ဟု စပိန်သတင်းဌာနမှ သတင်းရရှိခဲ့သည်။ အဆိုပါတောမီးကို ငြိမ်းသတ်နေစဉ် မီးသတ်ယာဉ်နှစ်စီးလည်း မီးလောင် ကျွမ်းပျက်စီးသွားသည်။

ထိုတောမီးလောင်ရာနေရာသို့ အစိုးရတာဝန်ရှိသူများသည် အဖြစ်မှန်ကို မျက်မြင်သိရှိနိုင်စေရန် သွားရောက်ခဲ့သည်ဟု စပိန်ရေဒီယိုသတင်းဌာနက ထုတ်လွှင့်ခဲ့သည်။

ထိုတောမီးလောင်ကျွမ်းရာ လမ်းတစ်လျှောက်ရှိ ရွာများတွင် နေထိုင်သူ ထောင်ပေါင်းများစွာသည် ဘေးကင်းရာသို့ ရွှေ့ပြောင်းခဲ့ကြရသည်။ တောမီးလောင်ကျွမ်းရခြင်းမှာ တောတွင်း၌ အပျော်ခရီးထွက်ပြီးအသားကင်စားသူများသည် မီးကိုငြိမ်းအောင် မငြိမ်းခဲ့သည့်အတွက် စတင်မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်သည်ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ တောမီးလောင်ကျွမ်းချိန်တွင် လေပြင်းတိုက်ခတ်မှု ဖြစ်ပွားခြင်းကြောင့်လည်း မီးလောင်ရာလေပင့်ဖြစ်ပြီး မီးမှာအရှိန်ပြင်းခဲ့ရသည်။ မီးတောက်များ၏ အမြင့်သည် မီတာ ၄၀ ထိပင် မြင့်တက်လာခဲ့သည်ဟု မျက်မြင်တွေ့ရှိသူများ၏ ပြောကြားချက်အရ သိရသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ကမ္ဘောဒီးယားမြို့တော် ဖနောင်ပင်ကို တိုးချဲ့မည် မြေရာစီမံခန့်ခွဲရေးဝန်ကြီးဌာနအတည်ပြု

ဖနောင်ပင် ဇူလိုင် ၁၉

ကမ္ဘောဒီးယားနိုင်ငံမြို့တော်ဖနောင်ပင်သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည့် မြို့ကြီးတစ်မြို့ဖြစ်ပြီး လူဦးရေပိုမိုများပြားလာသည့် မြို့တော်အဖြစ်သို့ ပြောင်းလဲရောက်ရှိလာရာ ၂၀၂၀ပြည့်နှစ် နောက်ဆုံးထား၍ မြို့တော်တိုးချဲ့တည်ဆောက်ရေး စီမံကိန်းတစ်ရပ်ကို အပြီးအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ဖနောင်ပင်မြို့ပြရေးရာများဗျူရိုက တနင်္လာနေ့တွင် ပြောကြားသည်။

မြို့တော်ဖနောင်ပင်ဧရိယာကို အရပ်လေးမျက်နှာအသီးသီးသို့ တိုးချဲ့မည်ဖြစ်ကြောင်း၊ ချက်တွမ်မွတ်မြစ်တစ်ဖက်တစ်ချက်ရှိ မြေနေရာကို မြို့တော် တိုးချဲ့ရာဒေသအဖြစ် ပြောင်းလဲသွားမည်ဖြစ်ကြောင်းတရုတ်ဘာသာဖြင့်ထုတ်ဝေသော "ကူးသန်းရောင်းဝယ်ရေးသတင်း"အမည်ရှိ သတင်းစာတွင်ရေးသားဖော်ပြသည်။

ခန့်မှန်း

ဖနောင်ပင်မြို့တော်၏လူဦးရေသည် တစ်နှစ်လျှင် ၃ဒသမ၂ရာခိုင်နှုန်းဖြင့် တိုးတက်နေပြီး လောလောဆယ်ကာလ၌မြို့တော်တွင် နေထိုင်သူဦးရေမှာ ၁ ဒသမ ၃သန်း ရှိကြောင်း၊ ၂၀၂၀ပြည့်နှစ်ထက် နောက်မကျဘဲ မြို့တော်နေ လူဦးရေသည် ၂ဒသမ ၅သန်းအထိရောက်ရှိလာမည်ဟုခန့်မှန်းရကြောင်း သတင်းစာတွင် ဖော်ပြသည်။

လိုအပ်

မြို့တော် ဖနောင်ပင်ကို တိုးချဲ့ရန် အခြေခံအဆောက်အအုံများကို တည်ဆောက်ရမည်ဖြစ်ကြောင်း၊ လမ်းများ၊ ရိပ်သာလမ်းများ၊ တူးမြောင်းများကို ဖောက်လုပ်ရန် လိုအပ်သလို မြို့ပတ်ကားလမ်းစနစ်ကိုလည်း တိုးချဲ့တည်ဆောက်ရန်လိုအပ်ကြောင်း မြို့ပြရေးရာများ ဗျူရိုကပြောကြားသည်။

မြို့တော်ဖနောင်ပင် တိုးချဲ့ရေးစီမံကိန်းကို မြေရာစီမံခန့်ခွဲမှုဝန်ကြီးဌာနက အတည်ပြုပေးခဲ့ပြီးဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အိန္ဒိယနိုင်ငံ မြောက်ပိုင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ်၌ လုံခြုံရေးစောင့်ကြပ်နေသော အိန္ဒိယတပ်ဖွဲ့ဝင်တစ်ဦးကို ဇူလိုင် ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန် ပါမောက္ခ တစ်ဦးအား ဘီလာရုစ်အစိုးရက နှင်ထုတ်

မင့်စ် ဇူလိုင် ၁၉

ဘီလာရုစ်အစိုးရ၏ ဥရောပသံတမန်တစ်ဦးအား နိုင်ငံမှ ထွက်ခွာသွားရန် အမိန့်ထုတ်ပြန်ပြီးနောက် သုံးရက်အကြာတွင် တက္ကသိုလ်မှ အမေရိကန်ပါမောက္ခတစ်ဦးအား နိုင်ငံမှထွက်ခွာရန် တနင်္လာနေ့က အမိန့်ထုတ်ပြန်ခဲ့သည်။

အဆိုပါ ပါမောက္ခသည် ဘိုအက်စ်ဖြစ်ပြီး ၎င်း၏ မှတ်ပုံတင်ထားမှုကို သက်တမ်းတိုးမြှင့်ပေးရန် တက္ကသိုလ်က ငြင်းဆန်ခဲ့သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဗင်ရီနာက ပြောကြားသည်။ ထိုကိစ္စနှင့်ပတ်သက်သည့် အသေးစိတ်ကို ထုတ်ဖော် ပြောကြားမှုမရှိပေ။ အမေရိကန်သံရုံးကလည်း ယင်းကိစ္စအပေါ် ဝေဖန်ပြောကြားမှု မရှိပေ။

ပါမောက္ခတယ်ရီဘိုအက်စ်က ယင်းလုပ်ရပ်ကိုရှုတ်ချ ပြောကြားပြီး ၂၀၀၆ ခုနှစ် သမ္မတရွေးကောက် ပွဲမကျင်းပမီ ဘီလာရုစ်နိုင်ငံက အနောက်အုပ်စုနိုင်ငံများ၏ ဩဇာလွှမ်းမိုးမှုကို ဖယ်ရှားရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း ပြောကြားသည်။

၂၀၀၆ ခုနှစ်တွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲတွင် ပါဝင် ယှဉ်ပြိုင်မှုမရှိမီ သမ္မတလူကာရှင်ကိုအနေဖြင့် အနောက်အုပ်စုနိုင်ငံမှ ကိုယ်စားလှယ်များအား ရည်ရွယ် ပစ်မှတ်ထားကာ ဖယ်ရှားရှင်းလင်းရေး လှုပ်ရှားမှုကြီးတစ်ရပ်စတင် ပြုလုပ်နေသည်ဟု စာတွင်ရေးသားခဲ့ပြီး ယင်းစာကို ဝက်ဘ်ဆိုက်တွင် ဖော်ပြခဲ့သည်။

အနောက်အုပ်စုသည် မိမိအားဖြုတ်ချရန်အကွက်ချစီစဉ်နေသည်ဟု သမ္မတလူကာရှင်ကိုက စွပ်စွဲပြောကြားခဲ့သည်။ ပိုလန်အစိုးရက ဘီလာရုစ်သံတမန်တစ်ဦးအား ပိုလန်နိုင်ငံမှ မောင်းထုတ်ခဲ့မှုကို တုံ့ပြန်သည့်အနေဖြင့် မင့်စ်မြို့ရှိ ပိုလန်သံရုံးမှ အကြံပေးဘတ်ဇက အား ဇူလိုင် ၂၁ရက်မတိုင်မီ ဘီလာရုစ်မှ ထွက်ခွာရန် သောကြာနေ့က ကြေညာခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အမှိုက်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မည့်စက်ရုံ တရုတ်နိုင်ငံ ဖူကျန်ပြည်နယ်၌ တည်ဆောက်မည်

ဖူကျို ဇူလိုင် ၁၉

တရုတ်ပြည်အရှေ့ပိုင်း ဖူကျန်ပြည်နယ်တွင် ဇူလိုင်လကုန်ပိုင်းမှစ၍ စွန့်ပစ်အမှိုက်သရိုက်များကိုအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးမည့်စက်ရုံတစ်ရုံကို တည်ဆောက်သွားရန် စီစဉ်လျက်ရှိသည်။

စတင်လည်ပတ်နိုင်

ထိုစက်ရုံပြီးစီးချိန်တွင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်း ၁၀၀ ထုတ်လုပ်ပေးနိုင်စွမ်း ရှိမည်ဖြစ်သည်။ အဆိုပါ စက်ရုံ၏ အမည်မှာ ဟောင်မိုင်လင်ဓာတ်အားစက်ဖြစ်ပြီး ၂၀၀၆ ခုနှစ်တွင်စတင်လည်ပတ်နိုင်မည်ဖြစ်ကြောင်း ပြည်နယ်ဆောက်လုပ်ရေးဌာနမှ လာသောသတင်းများက ဆိုသည်။

ယင်းစက်ရုံတွင် အမှိုက်များကို ထင်းမီးလောင်စာအဖြစ်အသုံးပြုကာ လျှပ်စစ်ဓာတ်အား၂၅၀ ကီလို ဝပ်နာရီထုတ်လုပ်ပေးနိုင်စွမ်းရှိသည့် ဓာတ်အားထုတ်စက်နှစ်လုံးတပ်ဆင်ထားမည်ဖြစ်သည်။

ရယူနိုင်

စက်ရုံမီးလင်းဖိုအပိုင်းသည် နေ့စဉ် အမှိုက်တန် ၆၀၀ ကို မီးရှို့နိုင်မည်ဖြစ်ပြီး ဓာတ်အားထုတ်စက် နှစ်လုံးမှ လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီ ၃၀၀၀၀၀ နေ့စဉ် ထုတ်ပေးမည်ဟု ဆိုသည်။ စက်ရုံအတွက် လိုအပ်သော အမှိုက်များကို ဖူကျိုမြို့မှ ရယူနိုင်မည်ဖြစ်သည်။ ပျမ်းမျှအားဖြင့် ထိုမြို့မှ အမှိုက်သရိုက်တန်ချိန် ၁၆၀၀ နေ့စဉ် ရရှိနိုင်ကြောင်း သိရသည်။

အသုံးချ

တရုတ်နိုင်ငံ ရှန်ဟိုင်းနှင့်ဟန်ကျိုးမြို့တို့၌လည်း အမှိုက်သရိုက်မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သော စက်ရုံများလည်ပတ်ထုတ်လုပ်လျက်ရှိသည်။ ယခုအခါ တရုတ်နိုင်ငံတွင် အမှိုက်မှဓာတ်အားထုတ်လုပ်သည့်နည်းပညာမှာအတွေ့အကြုံရပြီးဖြစ်၍ တိုးတက်လာနေပြီဖြစ်ရာ အကျိုးရှိစွာ အသုံးချနိုင်သောအဆင့်တွင်ရှိနေပြီ ဖြစ်သည်။ နောက်ဆုံးတည်ဆောက်မည့်အမှိုက်မှဓာတ်အားပေးမည့်စက်ရုံမှ စီးပွားရေးအကျိုးရှိစွာ အသုံးချနိုင်သော အဆင့်တွင်ရှိနေပြီဖြစ်သည်။

အကျိုးခံစား

နောက်ဆုံးတည်ဆောက်မည့် အမှိုက်မှ ဓာတ်အားထုတ်ပေးမည့် စက်ရုံမှ စီးပွားရေး အကျိုးအမြတ်အဖြစ် အမေရိကန်ဒေါ်လာ ၅ သန်းနှင့် ညီမျှသော အကျိုးကျေးဇူးကို ခံစားရမည်ဟု ဆိုသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဈူကလီးယားလောင်စာထုတ်လုပ်ရေး အီရန် လက်လျှော့မည် မဟုတ်ကြောင်း ပြောကြား

တီဟီရန် ဇူလိုင် ၁၉

ဥရောပသမဂ္ဂမှ သံတမန်များက အီရန်နိုင်ငံ၏ လိပ်ခဲတည်းလည်းဖြစ်နေသည့် အဏုမြူပြဿနာနှင့် ပတ်သက်၍ နောက်ဆုံးတွေ့ရှိချက်များမတင်ပြမီ အီရန်အစိုးရက ဈူကလီးယား လောင်စာထုတ်လုပ်မည့်အခွင့်အရေးကို မည်သည့်အချိန်မျှ လက်လျှော့မည်မဟုတ်ကြောင်း ဥရောပသမဂ္ဂအား စနေနေ့က သတိပေး ပြောကြားခဲ့သည်။

အီရန်နိုင်ငံအလယ်ပိုင်းရှိ သဲကန္တာရတွင် ဈူကလီးယား ဓာတ်အားပေးစက်ရုံအတွက် ယူရေနီယံသန့်စင်ရန် အခွင့်အရေးအီရန်အစိုးရတွင်ရှိကြောင်း၊ သို့ရာတွင် အမေရိကန်အစိုးရက အဏုမြူထိပ်ဖူးထုတ်လုပ်ရန် ရည်ရွယ်နေသည်ဟု စောဒကတက်ပြောကြားလျက်ရှိသည်။

ဥရောပသမဂ္ဂမှ ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့က စေ့စပ်ကျေအေးရန် နည်းလမ်းရှာဖွေနေပြီး အီရန်အနေဖြင့် ဈူကလီးယားလောင်စာထုတ်လုပ်သည့် အစီအစဉ်လိုက်လျောလိုက်ပါက စီးပွားရေးအရ မက်လုံးပေးမည်ဟု တိုက်တွန်းခဲ့ကြသည်။

ယင်းလိပ်ခဲတည်းလည်းဖြစ်နေသည့် အစီအစဉ် ပြေလည်စေရန်အတွက် အီရန်အား ယင်းအစီအစဉ်ရပ်ဆိုင်းရန် အဆိုပါနိုင်ငံတို့က ဩဂုတ်လ စောစောပိုင်းက ကြိုးပမ်းခဲ့ကြသည်။

သို့ရာတွင် အဏုမြူလောင်စာ ထုတ်လုပ်ရေးအတွက် နောက်ဆုတ်မည်မဟုတ်ဟု အီရန်အမျိုးသားလုံခြုံရေးကောင်စီ၏ပြောရေးဆိုခွင့်ရှိသူအက်ဟာမိုဟမ်မဒီက အခိုင်အမာပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ပြင်ဒေသတွင် စိုက်ခင်းများကို ဂရုစိုက် ပြုစုနေသော တောင်သူလယ်သမားတစ်ဦးကို ဇူလိုင် ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အပြည်ပြည်ဆိုင်ရာ လက်ဖက်ဆွေးနွေးပွဲ တရုတ်နိုင်ငံ အရှေ့ပိုင်းတွင် ကျင်းပမည်

ဟန်ကျိုး ဇူလိုင် ၁၉

တရုတ်နိုင်ငံ ဇီကျန်ပြည်နယ်အရှေ့ဘက် ဟန်ကျိုးမြို့တော်တွင် ၂၀၀၅ ခုနှစ် တရုတ်အပြည်ပြည်ဆိုင်ရာ လက်ဖက် အစည်းအဝေးကို စက်တင်ဘာ ၂၈၊ ၂၉ ရက်တွင် ကျင်းပရန် စီစဉ်ထားကြောင်း အဖွဲ့ဝင်များ၏ ပြောကြားချက်အရ သိရှိရသည်။

အဆိုပါ အစည်းအဝေးတွင် ရောင်းလိုအား၊ ဝယ်လိုအား၊ ထုတ်လုပ်မှုနှင့် ဈေးကွက်စသည် အကြောင်းအရာတို့ကို ကမ္ဘာတစ်ဝန်းရှိ လက်ဖက်ထုတ်လုပ်သူများနှင့်စားသုံးမှုများကိစ္စကို အဓိကထား ဆွေးနွေးသွားမည် ဖြစ်သည်ဟု အစားအစာတင်ပို့သူများနှင့် တင်သွင်းသူများ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းညွှန်ကြားရေးမှူး ကာအိုဇူမန်က ပြောကြားခဲ့သည်။

အဓိကထား

ယင်းအစည်းအဝေးတွင် လက်ဖက်ထုတ်လုပ်ခြင်း၊ လက်ဖက်သည် အာဟာရရှိခြင်းနှင့် လူ့ကျန်းမာရေးတို့အတွက် အဓိကထား ဆွေးနွေးမည်ဖြစ်သည်။ အလားတူ လက်ဖက်စိုက်ပျိုးခြင်းနှင့် စီးပွားရေးအကြောင်းလည်းပါဝင်ဆွေးနွေးသွားမည်ဖြစ်သည်။ ထို့အပြင် လက်ဖက်တင်ပို့သူများကို နည်းလမ်းများနှင့် ရောဂါ မဖြစ်ပွားစေရန် ထားသိုခြင်းနှင့် လုပ်ငန်းစစ်ဆေးခြင်းတို့အတွက်လည်း အဆိုပါဆွေးနွေးမှုတွင် ပါဝင်မည်ဖြစ်သည်။

ပါဝင်ဆွေးနွေး

ထိုအစည်းအဝေးတွင် အပြည်ပြည်ဆိုင်ရာ လက်ဖက်ကော်မရှင်၊ ဥရောပသမဂ္ဂလက်ဖက်ကော်မရှင်နှင့် ဂျပန်ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့တို့မှ ကျွမ်းကျင်သူများနှင့် ကိုယ်စားလှယ်များလည်း ပါဝင်ဆွေးနွေးကြမည်ဖြစ်သည်။

ဖိတ်ကြား

တရုတ်နိုင်ငံတွင် ကော်ဖီသောက်သုံးသူ အရေအတွက်သည် လျင်မြန်စွာ တိုးတက်လာခြင်း အတွက်ကြောင့် ပြည်တွင်းနှင့် ပြည်ပမှ ကော်ဖီထုတ်လုပ်သည့် လုပ်ငန်းရှင်များအဖွဲ့ကိုလည်း ထိုအစည်းအဝေးပွဲသို့ တက်ရောက်ရန် ဖိတ်ကြားမည်ဖြစ်သည်။

ကျင်းပပြုလုပ်

ထိုအစည်းအဝေး ကျင်းပစဉ် ပုံစံအမျိုးမျိုးဖြင့် ပြုလုပ်ထားသော လက်ဖက်ရည်၊ ကော်ဖီ ထုတ်လုပ်ခြင်း၊ လက်ဖက်နှင့် ကော်ဖီထုပ်ပိုးခြင်း ပစ္စည်းများကို ပြပွဲတစ်ခုအဖြစ် ကျင်းပပြုလုပ်မည်ဖြစ်သည်။

အဆိုပါပြပွဲတွင် လက်ဖက်ထုတ်လုပ်ခြင်းနည်းပညာအသစ်နှင့် ပစ္စည်းများနှင့် လက်ဖက်စိုက်ပျိုးရေးဆိုင်ရာနည်းလမ်းများကိုလည်း ပြသထားမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အခွင့်အလမ်းပွင့်၊ အရည်အသွေးမြင့်၊ ပညာခက်ဖြာ လူ့အရင်းအမြစ် စွမ်းရည်ဖွံ့ဖြိုးမှုများ ဒေသတွင်း ပွင့်လန်းဝေဆာ

ခြင်ကျား(မအူပင်)

"နိုင်ငံတော်အပိုင်းက ဆောင်ရွက်ပေးစရာရှိသည်များကို ဆောင်ရွက်ပေးသကဲ့သို့ ဧရာဝတီတိုင်းကလည်း မိမိတို့၏ ပေါကြွယ်ဝသော မြေသယံဇာတ၊ ရေသယံဇာတ၊ သစ်တောသယံဇာတတို့ကို ထိထိရောက်ရောက် အသုံးချ၍ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားသွားစေချင်ကြောင်း၊ သဘာဝသယံဇာတများကို အကျိုးရှိရှိ အသုံးချနိုင်သည့် လူ့သယံဇာတကလည်း ဧရာဝတီတိုင်း၌ လုံလောက်စွာ ရှိပြီးဖြစ်၍ တီထွင်ကြံဆ ကြိုးပမ်းအလုပ်လုပ်သွားကြရန်သာ လိုကြောင်း"

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၂၀၀၄ခုနှစ် ဧရာဝတီတိုင်း ပုသိမ်မြို့ကို ရောက်ရှိခဲ့စဉ် မြွက်ကြားခဲ့သည့် သြဝါဒစကားမှဖြစ်ပါသည်။ နိုင်ငံတော်အကြီးအကဲသည် ပုသိမ်မြို့ အစိုးရနည်းပညာကောလိပ်သို့ ရောက်ရှိစဉ်ကလည်း **"လူ့အရင်းအမြစ်ရှေ့တန်းရောက်မှသာ နိုင်ငံတော်သည်လည်း ထိပ်တန်းနိုင်ငံဖြစ်မှာဖြစ်ကြောင်း၊ ပညာတတ် လူ့အရင်းအမြစ်များ ပေါ်ထွက်လာရေးသည် နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် အရေးကြီးကြောင်း"** လမ်းညွှန်သြဝါဒပြုခဲ့ပေသည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ဖွံ့ဖြိုးရေးကို ဆောင်ရွက်ရာတွင် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု သတ်မှတ်၍ ထိုဒေသများ၌ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်ရည်မှန်း၍ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်သော တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကွန်ပျူတာကောလိပ်နှင့် နည်းပညာ ကောလိပ်များ တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည်။ နိုင်ငံတော်၏စေတနာနှင့် ဒေသအတွင်းရှိ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး အဆောက်အအုံများ၏ အကျိုးရလဒ်များမှာ ယခုအခါ သိသိသာသာ ခံစားနေကြရကြောင်း တွေ့ရှိရသည်။

မအူပင်တက္ကသိုလ်မှ မြန်မာစာပါမောက္ခ ဦးအောင်ဇော် လက်ဆောင်ပေးသောကြောင့် (၂)နှစ်ပြည့် မအူပင် တက္ကသိုလ် မဂ္ဂဇင်းစာအုပ် စာရေးသူ လက်သို့ ရောက်ရှိခဲ့သည်။ (၂)နှစ်ပြည့် မအူပင်တက္ကသိုလ် မဂ္ဂဇင်းတွင် ပညာရေးဝန်ကြီး ဦးသန်းအောင်၏ ၂၀၀၄ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး(အဆင့်မြင့်ပညာကဏ္ဍ)နှီးနှောဖလှယ်ပွဲတွင် ပြောကြားခဲ့သော အမှာစကားကောက်နုတ်ချက်များကို တတိယစာမျက်နှာ၌ ဖော်ပြထားသည်ကို ဖတ်ရှုရသည်။ ထိုအမှာစကားများတွင် တက္ကသိုလ်များတည်ရှိရာဒေသသည် ကြွယ်ဝမှုအသီးသီး ပိုင်ဆိုင်ထားကြကြောင်း၊ ဒေသ၏ကြွယ်ဝမှုကို နားလည်ပြီး သည်ဒေသ၏ ကြွယ်ဝမှုကို Communityသို့ လွှဲပေးနိုင်ခဲ့လျှင် ထိုဒေသမှ ထိုတက္ကသိုလ် ရှိနေခြင်းသည် တကယ်အဓိပ္ပာယ်ရှိလာမှာဖြစ်ကြောင်း ဖော်ပြထားသည်ကို ဖတ်ရှုလိုက်ရသည်။

ယခုအခါ ဖွံ့ဖြိုးရေးဒေသတိုင်း၌ ဒေသအတွင်းရှိ လူငယ်လူရွယ်များ အဆင့်မြင့်ပညာ လက်လှမ်းတမီ လေ့လာဆည်းပူးနိုင်ရန် တက္ကသိုလ် ဒီဂရီကောလိပ်များ ဖွင့်လှစ်ပေးထားပြီးဖြစ်သည်။ ဧရာဝတီတိုင်း မအူပင်ဒေသတွင်း မအူပင်တက္ကသိုလ်ကို နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်များနှင့်အညီ တည်ဆောက်ခဲ့သည်။ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ၂၀၀၃ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် မအူပင်တက္ကသိုလ်ဆောက်လုပ်ရေးစီမံကိန်းသို့ ကြွရောက်လှည့်လည်စစ်ဆေးကာ လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။ နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ မအူပင်တက္ကသိုလ်ကြီးကို ၂၀၀၂ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် စတင်ဖွင့်လှစ်နိုင်ခဲ့သည်။ ခံ့ညားထည်ဝါသော အဆောက်အအုံကြီးကိုလည်း ၂၀၀၃ ခုနှစ် ဇူလိုင် ၁၈ ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့သည်။

မအူပင်တက္ကသိုလ်သည် မအူပင်မြို့နယ် အိုင်ကိုင်းကျေးရွာအုပ်စုအတွင်း တည်ရှိပြီး တက္ကသိုလ်ပရဝဏ်မှာ ၆၇ဒသမ၀၇၈က ကျယ်ဝန်းသည်။ ဒေသအတွင်း တက္ကသိုလ်တည်ရှိနေခြင်းကြောင့် မအူပင်ခရိုင်နှင့် ဖျာပုံခရိုင်အတွင်းရှိ မအူပင်မြို့နယ်၊ ညောင်တုန်းမြို့နယ်၊ ပန်းတနော်မြို့နယ်၊ ဓနုဖြူမြို့နယ်၊ ဖျာပုံမြို့နယ်၊ ဘိုကလေးမြို့နယ်၊ ကျိုက်လတ်မြို့နယ်နှင့် ဒေးဒရဲမြို့နယ် ဟူသည့် ရှစ်မြို့နယ်မှ ကျောင်းသူကျောင်းသားများ အဆင့်မြင့် ပညာရပ်များကို ဒေသအတွင်းမှာပင် ဆည်းပူးနိုင်ကြပြီ ဖြစ်သည်။ အခွင့်အလမ်း ပွင့်လန်းလာသဖြင့် စရိတ်စကနည်းပါးစွာဖြင့် အဆင့်မြင့်ပညာကို သင်ကြားနိုင်ကြပြီဖြစ်သည်။ ဒေသအတွင်း တက္ကသိုလ်ဖွင့်လှစ်ခြင်း၏ လက်တွေ့ခံစားရသော အကျိုးကျေးဇူးပင် ဖြစ်သည်။

မအူပင်တက္ကသိုလ်တွင် အဝေးသင်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများအပါအဝင် ကျောင်းသား၊ ကျောင်းသူ ငါးထောင်ကျော်ခန့် ပညာဆည်းပူးလျက်ရှိသည်။ ထိုကျောင်းသား၊ ကျောင်းသူများ၏ စားရေး၊ ဝတ်ရေး၊ နေရေးနှင့် ဆက်နွှယ်ပြီး စားသောက်ဆိုင်လုပ်ငန်း၊ လူ့အသုံးအဆောင်ရောင်းဝယ်ရေးလုပ်ငန်းနှင့် ဘော်ဒါဆောင်လုပ်ငန်းများကိုပါ ဆောင်ရွက်နိုင်သဖြင့် ဒေသအတွင်း စီးပွားရေးလုပ်ဆောင်ခွင့် အခွင့်အလမ်း ပေါ်ပေါက်လာခဲ့သည်။

၁၉၈၉ခုနှစ် မေလမှစ၍ ၆-၇-၂၀၀၅ရက်နေ့အထိ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ငွေကျပ် ၆၉၈၂၇ ဒသမ ၇၅သန်း၊ နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ သန်း ၅၅၀ ကျော် သုံးစွဲသည့်အနက် နယ်စပ်ဒေသပညာရေးလုပ်ငန်း ကဏ္ဍအတွက် ငွေကျပ် ၃၉၃၀ဒသမ ၀၇သန်း အကုန်အကျခံ ဆောင်ရွက်ပေးခဲ့သည်။ ထိုအခြေအနေက နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသများ၏ ပညာရေးလုပ်ငန်းကို မည်မျှအလေးထား ဆောင်ရွက်နေကြောင်း ဖော်ပြလျက်ရှိသည်။

ယခင်က နယ်စပ်ဒေသများ၌ စာသင်ကျောင်း ဟူ၍ ထင်ထင်ရှားရှားမရှိခဲ့ရာမှ ယခုအခါ မူလတန်းကျောင်း၈၅၂ကျောင်း၊ အလယ်တန်းကျောင်း ၉၀ နှင့် အထက်တန်းကျောင်း ၉၂ ကျောင်း ဖွင့်လှစ်ပေးထားပြီးဖြစ်သည်။ ၃၀-၆-၁၉၉၉ ရက်နေ့၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနအောက်တွင် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဟူသည့် ဦးစီးဌာနအသစ်ကို ဖွင့်လှစ်ပေးခဲ့သည်။ ထိုအချိန်မှစ၍ နယ်စပ်ဒေသများရှိ လူငယ်လူရွယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်သင်တန်းကျောင်းများကို ဖွင့်လှစ်ပေးခဲ့သည်။

ယခုအခါ လူငယ်သင်တန်းကျောင်း ၂၇ ကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှုသင်တန်းကျောင်း၂၁ကျောင်း ဖွင့်လှစ်ခဲ့ပြီး ဖြစ်သည်။ လူငယ်သင်တန်းကျောင်းတွင် ကျောင်းသား ၁၉၀၈ယောက်၊ ကျောင်းသူ ၃၄၁ ယောက် ပညာဆည်းပူးလျက်ရှိသည်။ ထိုလူငယ်သင်တန်းကျောင်းများမှ ၁၀ တန်းအောင်ပြီးသည့်အခါ တက္ကသိုလ် ပညာရပ်များကို ဆက်လက်ဆည်းပူးသင်ယူနိုင်ရန် ၁၅-၆-၂၀၀၀ ရက်နေ့တွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)နှင့် ၁၂-၇-၂၀၀၀ ရက်နေ့တွင် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(မန္တလေး)တို့ကို ဖွင့်လှစ်ပေးခဲ့သည်။

နိုင်ငံတစ်ဝန်းတွင် အဆင့်မြင့် ပညာသင်ယူမှု အခွင့်အလမ်းများ တိုးပွားလာစေသည့် တက္ကသိုလ်၊ ကောလိပ် တိုးတက်ဖြစ်ထွန်းမှုကို ကြည့်လျှင် ၁၉၈၈ခုနှစ် မတိုင်မီကာလက တက္ကသိုလ်၊ ကောလိပ် ၃၂ ခုသာရှိရာမှ ယခု တက္ကသိုလ်၊ ကောလိပ် ၁၅၆ ခု ရှိလာပြီ ဖြစ်သည်။

ယခင်ခေတ်က တက္ကသိုလ်၊ ကောလိပ်များကို ဝိဇ္ဇာနှင့်သိပ္ပံ၊နည်းပညာ၊ ဆေးပညာ၊ သစ်တော စသည့် ကဏ္ဍအနည်းငယ်ဖြင့်သာ တည်ထောင်ထားသည်။ ယခုအခါ ကွန်ပျူတာ၊ ရေကြောင်းပညာ၊ လေကြောင်းနှင့် အာကာသပညာ၊ ယဉ်ကျေးမှု၊ သမဝါယမ စသည့် ပညာရပ်များအလိုက် တိုးပွားဖြစ်ထွန်းလာခဲ့သည်။

ဆေးပညာရပ်နှင့် ပတ်သက်၍ ယခုအခါ ဆေးတက္ကသိုလ် ငါးခု၊ သွားဘက်ဆိုင်ရာတက္ကသိုလ် နှစ်ခု၊ သူနာပြုနှင့် ဆေးဘက်ပညာသည် တက္ကသိုလ် တစ်ခု၊ ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ် နှစ်ခု၊ အခြေခံကျန်းမာရေးတက္ကသိုလ် တစ်ခုတို့ ပညာရပ်အလိုက် ဖြစ်ထွန်းလာခဲ့သည်။ ထို့ပြင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်တွင် နည်းပညာတက္ကသိုလ် လေးခု၊ ကွန်ပျူတာတက္ကသိုလ် နှစ်ခု၊ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ် တစ်ခု၊ အစိုးရနည်းပညာကောလိပ် ၂၆ ခု၊ အစိုးရကွန်ပျူတာကောလိပ် ၂၄ခု နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ ၁၁ ခုအထိ ဖြစ်ထွန်းလာခဲ့သည်။

ထိုကဲ့သို့ အဆင့်မြင့်ပညာသင်ယူနိုင်ရန် ဆောင်ရွက်ပေးသကဲ့သို့ အဆင့်မြင့်ပညာအရည်အသွေးမြင့်မားရေးအတွက် ခေတ်မီသင်ကြားမှု၊ သင်ယူမှု အထောက်အကူပြုပစ္စည်းများ၊ သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ ကွန်ပျူတာနှင့် အီလက်ထရွန်းနစ် ပစ္စည်းများ၊ သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ ကွန်ရက်စနစ်များ၊ နိုင်ငံတကာအဆင့်မီ အလုပ်ရုံများနှင့် ဓာတ်ခွဲခန်းများ၊ နိုင်ငံတကာ အဆင့်မီ စာကြည့်တိုက်များ၊ ခေတ်မီ သုတေသနဌာနများကိုပါ တက္ကသိုလ်နှင့် ကောလိပ်များတွင် ဖြည့်တင်းထူထောင်ပေးခဲ့သည်။

နိုင်ငံတကာ သိပ္ပံနှင့်နည်းပညာ တိုးတက်ပြောင်းလဲမှုများနှင့်အညီ တိုးပွားပေါ်ထွန်းလာသည့် ပညာရပ်များ၊ ပညာရပ်ခွဲများကို Cross disciplinary and Inter-disciplinary ချဉ်းကပ်နည်းအရ ပေါင်းစပ်ဘာသာရပ်များ တီထွင်သင်ကြားပေးသည့်အတွက် ရွေးချယ်အထူးပြုသင်ယူနိုင်သည့် ပညာခက်ဖြာ အခွင့်အလမ်းများလည်း တိုးပွားလျက်ရှိသည်။

ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်နှင့် ကောလိပ်များတွင် ယခင်ခေတ်ကာလက ဘွဲ့ကြိုသင်တန်း၊ ဒီပလိုမာသင်တန်း၊ ဂုဏ်ထူးတန်းနှင့် မဟာဘွဲ့သင်တန်း အစီအစဉ် ၇၉ ခုသာ ရှိခဲ့သည်။ ယခုအခါ မဟာသုတေသနဘွဲ့အစီအစဉ် ၂၄ ခု၊ ပါရဂူဘွဲ့ အစီအစဉ် ၂၁ ခု တိုးပွားလာသည့်အပြင် ပထမဘွဲ့၊ ဂုဏ်ထူးတန်းဘွဲ့၊ ပါရဂူဘွဲ့ အစီအစဉ် ၁၉၂ ခု ရှိလာသဖြင့် သင်တန်း အစီအစဉ်ပေါင်း ၁၁၃ ခု တိုးပွားလာခဲ့သည်။

ထို့ပြင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ကောလိပ်များတွင် ပုံမှန်ဘွဲ့ကြိုသင်တန်းများ၊ ဂုဏ်ထူးတန်း သင်တန်းများ၊ ဘွဲ့လွန်ဒီပလိုမာသင်တန်းများအပြင် ပါရဂူဘွဲ့သင်တန်း အစီအစဉ်လေးခု၊ မဟာဘွဲ့သင်တန်း အစီအစဉ် ၁၅ ခုနှင့် B.E. Aerospace အစီအစဉ်တစ်ခုတို့ကို ဖွင့်လှစ်ထားနိုင်ပြီဖြစ်သည်။

အလားတူ လူ့စွမ်းအားဖွံ့ဖြိုးမှု အရင်းအမြစ်ဌာနက ဖွင့်လှစ်ထားသည့် လက်မှတ်ရ သင်တန်းများ၊ ဘွဲ့ကြို ဒီပလိုမာ သင်တန်းများ၊ ဘွဲ့လွန်ဒီပလိုမာသင်တန်းနှင့် မဟာဘွဲ့သင်တန်း ၁၇၃ ခုရှိသဖြင့် ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်၊ ကောလိပ်များတွင် သင်တန်း အစီအစဉ်ပေါင်း ၃၆၅ ခု တည်ရှိနေပြီဖြစ်သည်။

ဆေးပညာရပ်များ တိုးတက်သင်ကြားနိုင်စေရန် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များတွင် နိုင်ငံတကာ အဆင့်မီဘွဲ့လွန်ဆေးပညာသင်တန်းများအနေဖြင့် ဆေးပညာမဟာသိပ္ပံသင်တန်း ၂၉ မျိုး၊ ဘွဲ့လွန်ဒီပလိုမာသင်တန်း ၂၈ မျိုး၊ ဆေးလက်တွေ့ပါရဂူသင်တန်း ၃၀နှင့် ဆေးလက်တွေ့အခြေခံပါရဂူသင်တန်းခုနစ်မျိုးတို့ကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

ဤသို့ဖြင့် အဆင့်မြင့်ပညာကဏ္ဍတွင် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်း မျှော်မှန်းချက်နှင့်အညီ ဆောင်ရွက်ပေးခဲ့သဖြင့် အဆင့်မြင့်ပညာကဏ္ဍ၌ အခွင့်အလမ်းပွင့်၊ အရည်အသွေးမြင့်၊ ပညာခက်ဖြာလျက်ရှိနေကြောင်း တွေ့ရသည်။ ဒေသတိုင်းတွင် တိုးတက်ဖွင့်လှစ်ကာ ရှင်သန်ဖွံ့ဖြိုးနေသော တက္ကသိုလ်၊ ကောလိပ်ကလည်း ဒေသတွင်းရှိ လူ့စွမ်းအားအရင်းအမြစ် ပေါ်ထွန်းလာရန် ဆောင်ရွက်ပေးလျက် ရှိနေပေသည်။

နိုင်ငံတစ်ဝန်း၌ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု သတ်မှတ်၍ ဒေသအတွင်းရှိ လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍ စွမ်းရည်မြင့်မားလာစေရန် ရည်ရွယ်၍ အဆင့်မြင့်ပညာကို အိုးမကွာအိမ်မကွာ ဆည်းပူးနိုင်ရန် ဆောင်ရွက်ပေးခဲ့သည်။ အဆင့်မြင့်ပညာ ဖြန့်ဖြူးသော မြတ်ဆရာများကလည်း နိုင်ငံ့ဝန်ထမ်းပီပီ မိမိရောက်ရှိ တာဝန်ကျရာဒေသအတွင်းရှိ လူ့စွမ်းအားအရင်းအမြစ်များ ပညာစွမ်းရည် ထက်မြက်လာစေရန် ပြုစုပျိုးထောင်ပေးလျက်ရှိသည်။ ထို့ပြင် မိမိတာဝန်ကျရာ ဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်မှန်းလျက် သုတေသနလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ထိတွေ့ဆောင်ရွက်ပေးနေကြောင်း တွေ့ရှိရသည်။

ဥပမာ - စိုက်ပျိုးရေးဖြစ်ထွန်းသော ဧရာဝတီတိုင်းရှိ ပုသိမ်တက္ကသိုလ်တွင် စိုက်ပျိုးရေးကိုအထောက်အကူဖြစ်စေမည့် ဇီဝနည်းပညာဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ရှားပါးသည့် မြန်မာ့မျိုးရင်း သစ်ပင်ပန်းမန်များ ပေါများကြွယ်ဝသည့် ကချင်ပြည်နယ်ရှိ မြစ်ကြီးနား တက္ကသိုလ်တွင်လည်း မြန်မာ့မျိုးရင်းအပင်အရင်းအမြစ်များ (Plant Resources) ရှာဖွေဖော်ထုတ်မှုဆိုင်ရာ ရုက္ခဗေဒသုတေသနလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။ ယခု မအူပင်တက္ကသိုလ်တွင်လည်း ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုသာမက သက်ဆိုင်ရာဒေသနှင့် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းလာမည့် အလားအလာကောင်း၊ အခွင့်အလမ်းကောင်းများကိုပါ ဖော်ဆောင်ပေးနေကြောင်း တွေ့ရှိရသည်။

ထို့အတူ မြန်မာတစ်နိုင်ငံလုံးတွင် ဖြန့်ကြက်တည်ထောင်ထားသော တက္ကသိုလ်၊ ကောလိပ် အသီးသီးသည် သက်ဆိုင်ရာဒေသရှိ ထူးခြားသည့် သဘာဝသယံဇာတ အရင်းအမြစ်များကို အခြေခံသည့် သုတေသနလုပ်ငန်းများ၊ ဒေသတိုးတက်ဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်မည့် နည်းပညာရပ်များ၊ နည်းပညာကျွမ်းကျင်မှုများကို ဒေသခံများအား သင်ကြားပေးလျက်ရှိကြောင်း သိရပေသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက အဆင့်မြင့်ပညာကဏ္ဍ၏ တိုးတက်အောင်မြင်မှု အခြေခံကောင်းများကို ထပ်ဆင့်မြှင့်တင်ပြီး အဆင့်မြင့်ပညာကဏ္ဍဆည်းပူးရာဖြစ်သော တက္ကသိုလ်၊ ကောလိပ်များနှင့် သက်ဆိုင်ရာဒေသ၏ လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှု(Community Development) ကို အပြန်အလှန် ဆက်စပ်အကျိုးဖြစ်ထွန်းစေရန် စီမံဆောင်ရွက်ပေးမှုကြောင့် အခွင့်အလမ်းပွင့်၊ အရည်အသွေးမြင့်၊ ပညာခက်ဖြာ လူ့အရင်းအမြစ် စွမ်းရည်ဖွံ့ဖြိုးမှုများ ဒေသတိုင်းတွင် ပွင့်လန်းဝေဆာလျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင်ရွှေတောင်ကျောင်းတိုက်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၂၀ရက်က စည်ကားသိုက်မြိုက်စွာကျင်းပသည်။

ရှေးဦးစွာ ဦးစီးပဓာနနာယကဆရာတော် သာသနာပြုနယ်လှည့်ဓမ္မကထိက ဘဒ္ဒန္တဝိမလထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ကြွရောက်တော်မူကြသည့် ဆရာတော် သံဃာတော်များအား အလှူရှင်များက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ (က-ပ)

ဇူလိုင် ၂၀ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော ပရိသတ်တို့က ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစု ဆင့်မအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် နိကာယ်စာသင်တိုက် ပဓာန နာယကဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသထံမှ အနုမောဒနာတရားနှင့် ရေစက်ချတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

ဘယ်လ်ဂျီယံနိုင်ငံ အမျိုးသားနေ့ ဝန်ကြီးဦးဉာဏ်ဝင်း သဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၂၁

၂၀၀၅ခုနှစ် ဇူလိုင် ၂၁ရက်တွင် ကျရောက်သည့် ဘယ်လ်ဂျီယံနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဘယ်လ်ဂျီယံနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ကာရယ်ဒယ်ဂုခ်စ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

လယ်တီဝိပဿနာယောဂီဆောင်သစ် အုတ်မြစ်စီမင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံဆံတော်ရှင်စေတီ အရှေ့ဘက်ရှိ သုမင်္ဂလာရာမ လယ်တီဝိပဿနာ ကျောင်းတိုက်ကြီး၌ သုံးထပ်ကျောင်း ယောဂီဆောင်သစ် ဆောက်လုပ်ရေး အုတ်မြစ်စီမင်္ဂလာ အခမ်းအနားကို ဝါဆိုလပြည့်နေ့ နံနက် ၉နာရီ ၄၅မိနစ်တွင် ကျင်းပရာရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ် ဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်သည်။ **(အပေါ်ပုံ)**

ထို့နောက် ကျောင်းတိုက်ဦးစီးပဓာန နာယက ဆရာတော်ဘဒ္ဒန္တအာသဘ နှင့် ဆရာတော် သံဃာတော်များက ရတနာအုတ်များကို နေ့နံအလိုက် အလှည့်ကျအုတ်မြစ်စီကြသည်။

ယင်းနောက်အလှူဒါယကာ၊ဒါယိကာမများက နေ့နံ့အလိုက် ရတနာရွှေ၊ ငွေ၊ ပတ္တမြား၊ နီလာ ရတနာအုတ်တို့ဖြင့် အုတ်မြစ်စီပေးကြသည်။ (၅၀၆)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၁-၇-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	**အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၁၅	၂။	**တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(ယောဆရာတော်)ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
၇း၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၆။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၈း၀၀	၇။	အရေးပြိုင်ပွဲ
၈း၁၀	၈။	အကပဒေသာ
၈း၂၀	၉။	လမူး တံတား
၈း၃၀	၁၀။	International News.
၈း၄၅	၁၁။	Let's Go.
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀	၃။	English for Everyday Use.
၄း၄၅	၄။	တေးဂီတအစီအစဉ်
၅း၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၅း၁၅	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၅း၃၀	၇။	လက်ဆင့်ကမ်းပေး ဂီတတေး
၅း၄၀	၈။	တေးဂီတအစီအစဉ်
၅း၅၀	၉။	"အမွန်မြတ်ဆုံး လက်ဆောင်" (နေရဲလင်း၊ နှင်းဥ၊ မေနံ့သာခင်၊ စောနိုင်(ရှမ်းပြည်)၊ ဒေါ်တင်တင်လှ) (ဒါရိုက်တာ-မောင်မောင်မြင့်)
၆း၀၅	၁၀။	နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၆း၁၅	၁၁။	တေးဂီတအစီအစဉ်
၆း၃၀	၁၂။	ညနေခင်းသတင်း
၇း၀၀	၁၃။	မိုးလေဝသအခြေအနေ
၇း၀၅	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ဝက်ပါ"(အပိုင်း-၁)**
၇း၃၅	၁၅။	တေးဂီတအစီအစဉ်
၇း၄၅	၁၆။	ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
၈း၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိတ်ဆွေ" (အပိုင်း-၅)**
	၂၁။	နောက်တစ်နေ့ အစီအစဉ်
	၂၂။	အစီအစဉ်ပြီး၏။

ပန်းတစ်ပွင့်တောင် ဝါဆိုသင်္ကန်းဆက်ကပ်

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် တောရကျောင်းတိုက် ပဓာန နာယက ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရအား သိက္ခာထပ်ပွဲနှင့် အဋ္ဌမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေ၌ ကျင်းပသည်။

ကိုးပါးသီလခံယူ

ရှေးဦးစွာ မဟာဓမ္မသုခဗိမာန်တော်၌ အဋ္ဌမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ကျင်းပရာ ပဓာန နာယက ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရထံမှ ပရိသတ်တို့က ကိုးပါးသီလခံယူ ဆောက်တည်ကြပြီး အလှူရှင်များက ဝါဆိုသင်္ကန်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

(အောက်ပုံ) (သတင်းစဉ်)

တာမွေပျားရည်ကုန်းရပ်ကွက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၀

တာမွေမြို့နယ် ပျားရည်ကုန်းရပ်ကွက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက အောင်ဓမ္မာရုံ၌ ကျင်းပသည်။ အဆိုပါ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲသို့ ဓမ္မလင်္ကာရကျောင်းတိုက် ဆရာတော် ဦးအဂ္ဂဝံသ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူသည်။ ထို့နောက် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းဆွေနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်အတွင်းရှိ အလှူရှင်များက ဆရာတော် သံဃာတော်များအား သင်္ကန်းဒွိစုံ ၆၇စုံနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ (က-ပ)



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစု ဆဋ္ဌမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ပြည်လုံးချမ်းသာ မဟာသိမ်တော်ကြီးအတွင်း၌ ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်အား ဆွမ်း၊ သစ်သီး၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတိုင်နှင့် ပန်းများဆက်ကပ်လှူဒါန်းစဉ်။(သတင်းစဉ်)

ဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်အား ဆွမ်း၊သစ်သီး၊ရေချမ်း ဆီမီး၊ အမွှေးနံ့သာတိုင်နှင့် ပန်းများ ဆက်ကပ်လှူဒါန်း

✪ **ရွှေဖုံးမှ**

နိကာယ်စာသင်တိုက် ပဓာနနာယက ဆရာတော် တိပိဋကရေ ဓမ္မဘဏ္ဍာ ဂါရိက ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုဝင်များနှင့် အထူးဖိတ်ကြား ထားသူများ တက်ရောက်ကြည်ညိုကြသည်။

ဆက်ကပ်လှူဒါန်း

အခမ်းအနားမစတင်မီ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် အခမ်း အနားကျင်းပမည့် ပြည်လုံးချမ်းသာ မဟာသိမ်တော်ကြီးအတွင်း၌

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော် (ကြည်း၊ရေ၊ လေ)မိသားစု ဆဋ္ဌမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ တွင် ဆရာတော်ထံ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဇနီးဒေါ်ခင်လေးသက် ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစု ဆဋ္ဌမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊

ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုဆဋ္ဌမ အကြိမ် ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲတွင် ဆရာတော်ထံ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း စဉ်။ (သတင်းစဉ်)

ဗိုလ်ချုပ်မှူးကြီးသ...
ဆဋ္ဌမအကြိမ် ဝ...

ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓရုပ်ပွားဆ...
သစ်သီး၊ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတိုင်...
လှူဒါန်းပူးမြော်ကြည်ညိုကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း ...
ညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က အခမ်း...
အခမ်းအနား အစီအစဉ်များကို ဖတ်ကြ...

ရှေးဦးစွာ အခမ်းအနားကို နမောတ...
ကန်တော့၍ ဖွင့်လှစ်သည်။

ကိုးပါးသီလခံ...

ထို့နောက် နိုင်ငံတော် သံဃမဟာန...
မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မ...
ဘဒ္ဒန္တကုမာရထံမှ နိုင်ငံတော် အေးချမ်...

ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်...
သန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်တို့ အမှူးပြု...
သီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃ...
မေတ္တာသုတ် ပရိတ်တရားတော်များကို...
တော်မူကြရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ...
ပရိသတ်တို့ကနာယူကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင် ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစု ဆဋ္ဌမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်း

ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်အား ဆွမ်း၊ သစ်သီး၊ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတိုင်နှင့် ပန်းများဖြင့် ဆက်ကပ်လှူဒါန်းပူဇော်ကြည်ညိုကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း သာသနာရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်၍ အခမ်းအနား အစီအစဉ်များကို ဖတ်ကြားလျှောက်ထားသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ကိုးပါးသီလခံယူ

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံမှ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်အရှင်သူမြတ်တို့က မေတ္တာသုတ် ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူကြရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် ပရိသတ်တို့ကနာယူကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစု ဆဋ္ဌမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး နှင့် ဇနီး ဒေါ်မြမြစန်းတို့က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များက ဆရာတော် သံဃာတော်များထံဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစု ဆဋ္ဌမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီးဒေါ်ခင်သန်းနွဲ့ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစု ဆဋ္ဌမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထို့နောက် နိကာယ်စာသင်တိုက် ပဓာနနာယကဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသက အနုမောဒနာတရားနှင့် ရေစက်ချတရား ဟောကြားချီးမြှင့်တော်မူရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော ပရိသတ်တို့က နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များက ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များက နိကာယ်စာသင်တိုက်မှ သံဃာတော်များအား ဆွမ်းလောင်းလှူပြီး နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစု ဆဋ္ဌမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် နိကာယ်စာသင်တိုက်မှ သံဃာတော်များအား ဆွမ်းလောင်းလှူ

ဆွမ်းလောင်းလှူ

ဇူလိုင် ၂၀ ရက် (ဝါဆိုလပြည့်နေ့)က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစု ဆဋ္ဌမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲတွင် နိကာယ်စာသင်တိုက်မှ သံဃာတော်များအား ဆွမ်းလောင်းလှူစဉ်။ (သတင်း-ရွှေ့ဖုံး) (သတင်းစဉ်)

ဇူလိုင် ၂၀ ရက် (ဝါဆိုလပြည့်နေ့)က ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစု ဆဋ္ဌမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် နိကာယ်စာသင်တိုက်မှ သံဃာတော်များအား ဆွမ်းလောင်းလှူစဉ်။ (သတင်း-ရွှေ့ဖုံး) (သတင်းစဉ်)

ဇူလိုင် ၂၀ ရက် (ဝါဆိုလပြည့်နေ့)က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွဲ့ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစု ဆဋ္ဌမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် နိကာယ်စာသင်တိုက်မှ သံဃာတော်များအား ဆွမ်းလောင်းလှူစဉ်။ (သတင်း-ရွှေ့ဖုံး) (သတင်းစဉ်)

ဇူလိုင် ၂၀ ရက် (ဝါဆိုလပြည့်နေ့)က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်း ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစု ဆဋ္ဌမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် နိကာယ်စာသင်တိုက်မှ သံဃာတော်များအား ဆွမ်းလောင်းလှူစဉ်။ (သတင်း-ရွှေ့ဖုံး) (သတင်းစဉ်)

ဇူလိုင် ၂၀ ရက် (ဝါဆိုလပြည့်နေ့)က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက် ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစု ဆဋ္ဌမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် နိကာယ်စာသင်တိုက်မှ သံဃာတော်များအား ဆွမ်းလောင်းလှူစဉ်။ (သတင်း-ရွှေ့ဖုံး) (သတင်းစဉ်)

သတင်းတပ်ဖွဲ့ မိသားစု ဝါဆိုသင်္ကန်းဆက်ကပ်

ရန်ကုန် ဇူလိုင် ၂၀

မြန်မာနိုင်ငံရဲတပ်ဖွဲ့ သတင်းတပ်ဖွဲ့မိသားစု၏ ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ (၅၁)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၅နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ အောင်သပြေရဲရိပ်သာဦကျောင်းပရာ သတင်းတပ်ဖွဲ့မှူး ရဲမှူးချုပ်မြင့်သိန်းနှင့် ဇနီး၊ ရဲအရာရှိကြီးများနှင့် ဇနီးများ၊ သတင်းတပ်ဖွဲ့ဝင် အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများ၏ မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရအမှူးပြုသော ပင့်သံဃာတော် အပါး ၂၀တို့အား ဝါဆိုသင်္ကန်းနှင့် အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြပြီး မကွေးဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ (သတင်းစဉ်)

ရွှေဘုန်းပွင့်စေတီတော် (၄၈)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

ရွှေဘုန်းပွင့်စေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော ရွှေဘုန်းပွင့်စေတီတော် (၄၈)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့(ဝါဆိုလပြည့်)ဓမ္မစကြာအခါတော်နေ့ မွန်းလွဲ ၂နာရီတွင် စေတီတော်ရင်ပြင်ရှိ ဓမ္မာရုံသစ်ကြီး၌ ကျင်းပသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယနှင့် စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများဖြစ်ကြသော ပုဇွန်တောင်မြို့နယ် စင်ကာပူကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိသုဒ္ဓ၊ ဘုရားဖြူကျောင်းတိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ သာသနဓဇ သိရီပဝရဓမ္မာစရိယ ဘဒ္ဒန္တနရိန္ဒာဘိဝံသ၊ မြသိန်းတန် ပရိယတ္တိစာသင်တိုက် သောနာဝါသကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဇောတိကဓဇ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တသောဘနတို့ အမှူးပြုသော စေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်းနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဝတ်အသင်းအဖွဲ့များ၊ ဘုရားဖူးဧည့်ပရိသတ်များ တက်ရောက် ကြည်ညိုကြသည်။ (သတင်းစဉ်)

❍ စာမျက်နှာ ၃ မှ

အဆိုပါ ဝါတွင်းကာလ ဝတ်ရွတ်ပူဇော်ပွဲကို ယနေ့မှစ၍ သီတင်းကျွတ်လပြည့်နေ့အထိ နေ့စဉ်တစ်နေ့လျှင် ဝတ် အသင်းနှစ်သင်းကျစီ ဝတ်ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်ကြောင်း သိရှိရသည်။

ကိုးထပ်ကြီးဘုရား

စမ်းချောင်းမြို့နယ်ရှိ ကိုးထပ်ကြီးဘုရား၌ ယနေ့အရုဏ်တက်အချိန်မှစ၍ ဘုရားဖူးပြည်သူများက အရုဏ်သစ်သီး၊ ဆွမ်းနှင့်ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများ လှူဒါန်းကြပြီး ကိုးထပ်ကြီးဘုရား ဥပုသ်သည်များအဖွဲ့က စုပေါင်းသီလခံယူ၊ တရားတော်နာယူခြင်း အစီအစဉ်များကို ဝါတွင်းဥပုသ်နေ့တိုင်း ဘုရားဂန္ဓကုဋိတိုက်တော်အတွင်း ကျင်းပသွားမည်ဖြစ်ရာ ယနေ့တွင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အောင်မင်္ဂလာ ကျားကျောင်း ဆရာတော် သာသနဓဇသိရီပဝရဓမ္မာစရိယ ဂန္ထ ကာရက ဘဒ္ဒန္တဇဋိလက ဥပုသ်သီလ ချီးမြှင့်တော်မူပြီး နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားတော်မူသည်။

ထို့အတူ ကိုးထပ်ကြီးဘုရား နဝဂုဏဗုဒ္ဓမာမက သာသနာပြုပါရမီ ရှင်များ၏ (၂၃)နှစ်မြောက် ဝါတွင်း အဓိဋ္ဌာန်ဖွင့်ပွဲ ပဏာမနဝင်္ဂအလှူတော် မင်္ဂလာ အခမ်းအနားကို ယနေ့အရုဏ်တက်အချိန်မှ စတင်ကျင်းပရာ နံနက် ၄နာရီ ၅မိနစ်တွင် အဖွဲ့ဝင်များက လယ်တီမဟာသရဏဂုံတော်ကြီးကို အရုဏ်ဦးအထူးဓမ္မပူဇာအစီအစဉ်ဖြင့် ပူဇော်ရွတ်ဆိုကြပြီး ကိုးထပ်ကြီး သန္တိသုခ ဓမ္မာရုံတော်ကြီး မြေညီထပ်၌ ပရိသတ်များအား သက်သတ်လွတ် စတုဒိသာ ဒါနပြုကြသည်။ မွန်းလွဲ ၁ နာရီခွဲတွင် အဆိုပါ ဓမ္မာရုံအပေါ်ထပ်၌ ဇာဗကရာတိုက် အင်းစိန်ကျောင်း ဆရာတော် အမှူးပြုသော သံဃာတော်များအား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ကျိုက်ဝိုင်းစေတီတော်

အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ ၁၃၆၇ခုနှစ် ဝါတွင်းကာလ တရားပွဲများကို ဥပုသ်နေ့တိုင်း စေတီတော်ရင်ပြင်ရှိ အောင်ဓမ္မာရုံ၌ မွန်းလွဲ ၁နာရီမှ စတင်ကျင်းပမည်ဖြစ်ရာ ယနေ့တွင် မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် နတ်ညွှန်းကျောင်းဆရာတော် ဘဒ္ဒန္တ ဝါယမက နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားတော်မူသည်။

အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် ဂေါပကအဖွဲ့၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယမန်နေ့နံနက်ပိုင်းတွင် အောင်ဓမ္မာရုံ၌ ကျင်းပရာ ဆရာတော် ဘဒ္ဒန္တအာစရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမြင့်က သာသနာရေး ဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် ဆရာတော် သံဃာတော်များအား ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းရှိ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ်ကြီး၏ (၂၈)ကြိမ်မြောက် ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့) အခမ်းအနားကို ယနေ့နံနက် ၅ နာရီခွဲတွင် အဆိုပါအဖွဲ့တည်ရာ သာသနာ့ဗိမာန်တော်၌ကျင်းပသည်။

အခမ်းအနား၌ ရှေးဦးစွာ မြတ်ဗုဒ္ဓနှင့် ပဉ္စဝဂ္ဂီငါးပါးတို့အား အဖွဲ့ဥက္ကဋ္ဌ ဦးစိန်းထွန်း ဦးဆောင်၍ အဖွဲ့အမှုဆောင်များက ပန်း၊ ရေချမ်း၊ ဝါဆိုဖယောင်းတိုင်ထွန်းညှိပူဇော်၍ သင်္ကန်းတော်များ ကပ်လှူပူဇော်ပြီး နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)သင်ကြားစီမံနာယကချုပ် ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာ ဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော် ၁၀ပါးတို့က ရုပ်ပွားတော်အား အနေကဇာတင် ပူဇော်ကြသည်။ ထို့နောက် သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပြီး ဝါဆိုသင်္ကန်းများ၊ လှူဖွယ်ဝတ္ထုပစ္စည်းတို့ဖြင့် လှူဒါန်းကြကာ ပရိသတ်များက နာယကချုပ် ဆရာတော်ထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။ ယင်းနောက် လှူဒါန်းမှုအစုစုကို ဆရာတော်က အနုမောဒနာတရား ဟောကြားချီးမြှင့်ပြီး ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို အဖွဲ့ချုပ် ဆုတောင်းဖြင့် ရုပ်သိမ်းလိုက်သည်။

ကိုးမိုင်မဟာစည်

ရန်ကုန်မြို့ ကိုးမိုင် မဟာစည်သာသနာ့ ရိပ်သာ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ယနေ့နံနက် ၈နာရီတွင် မဟာစည် ဓမ္မာရုံကြီး၌ကျင်းပရာ ဟိတေသီ အဖွဲ့ယောဂီများက ဝါဆိုပန်းနှင့် ဆီမီးများဖြင့် ဆက်ကပ်လှူဒါန်းပြီး ဓမ္မစကြာပါဠိတော်နှင့် ရှစ်လုံးဘွဲ့ကဗျာများကိုညီညာဖြဖြရွတ်ဆိုပူဇော်ကြသည်။

ဆက်လက်၍ ကိုးမိုင် မဟာစည်သာသနာ့ရိပ်သာ ဩဝါဒါစရိယ ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ကဝိဓဇထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး အလှူရှင်များက ဝါဆိုသင်္ကန်းများကို ဆရာတော်ထံ တစ်ဦးချင်းဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဟိတေသီအဖွဲ့ဝင်များက ဆွမ်းပဒေသာ အလှူရှင်များအား ဂုဏ်ပြုလွှာချီးမြှင့်ပြီး ကုသိုလ်ကောင်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှအတမ်းဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စည်ကား

အလားတူ ရန်ကုန်မြို့တော်အတွင်းရှိ ခြောက်ထပ်ကြီး၊ မယ်လမု၊ ကျိုက္ကစံ၊ မိုးကောင်း၊ ရန်မျိုးအောင်၊ ရွှေနားပန်၊ တောင်ဥက္ကလာမြို့ဦးစေတီ၊ ဒဂုံမြို့သစ်မြို့ဦးစေတီစသော ဘုရား၊ ပုထိုးစေတီတော်များ၌ ယမန်နေ့ ညပိုင်းတွင် ဘာသာရေး အသင်းအဖွဲ့များ၊ ဝတ်အသင်းများက “ဓမ္မစက္ကပဝတ္တန” သုတ်၊ “အနတ္တ လက္ခဏ”သုတ်ပါဠိတော်များနှင့် ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဖတ်ပူဇော်ခြင်း၊ ယနေ့အရုဏ်တက်ချိန်မှစ၍ ညပိုင်းအထိ မြတ်စွာဘုရားအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အရုဏ်ဆွမ်း ဆက်ကပ်ခြင်း၊ ဓမ္မစကြာအခါတော်နေ့ အခမ်းအနားများကျင်းပခြင်း၊ ဆရာတော် သံဃာတော်များထံမှ တရားတော်များ နာကြားခြင်း၊ သီလ ခံယူ ဆောက်တည်ခြင်း၊ ဘာဝနာ တရားပွားများခြင်း၊ စတုဒိသာဒါနပြုခြင်း စသော ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကားလျက်ရှိသည်။

ကုသိုလ်သံ လျှံဝေ

ထို့အတူ ရပ်ကွက်အလိုက်၊ လမ်းအလိုက်၊ ဌာနဆိုင်ရာရုံးများအလိုက် ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ အလှူတော်မင်္ဂလာပွဲများ၊ ဓမ္မစကြာအခါတော်နေ့အခမ်းအနားများ၊ ဥပုသ်သီတင်းသီလ ခံယူ ဆောက်တည်ခြင်း၊ တရားတော်များနာကြားခြင်း ကောင်းမှုကုသိုလ်များကို ပြုမူကြလျက်ရှိရာ ရန်ကုန်မြို့တော် တစ်ဝန်းလုံး၌ ပတ္တိဒါန၊ ပတ္တာနုမောဒန ကုသိုလ်သံများဖြင့် လျှံဝေလျက်ရှိသည်။ (သတင်းစဉ်)

စက်မှုလက်မှုသိပ္ပံ(ချောက်) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၇)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၀ ရက် က ဗဟန်း(၃)လမ်း မှတ်တိုင်အနီးရှိ အဘိဓမ္မရတနာဃရ ဓမ္မဗိမာန်တော်ကြီး၌ ကျင်းပရာ မင်္ဂလာဒုံမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ဝိနယာစရ အမှူးပြုသော သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြစဉ်။ (က-ပ)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမိသားစု (၁၄) ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲတွင် လယ်ယာစိုက်ပျိုးရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့်ဇနီး ဒေါ်နီနီဝင်း တို့ ဆရာတော် သံဃာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်း များ ဆက်ကပ်လှူဒါန်းစဉ်။

(လယ်ယာ/ဆည်မြောင်း)

လယ်ယာ/ဆည်မြောင်းဝန်ကြီးဌာနမိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မိသားစု၏ (၁၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း သီရိမင်္ဂလာရိပ်သာလမ်းသွယ်ရှိ ဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များဖြစ်ကြသော အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ရေနံချောင်း ဆရာတော် ဘဒ္ဒန္တ တေဇနိယနှင့် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ ကလေးဝ တောရကျောင်း ဆရာတော် ဘဒ္ဒန္တ ဇာဂရာဘိဝံသတို့ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဇနီး ဒေါ်နီနီဝင်း၊ ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်း/ဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင် ညွှန်ကြားရေးမှူးများနှင့် ၎င်းတို့၏ဇနီးများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ရေနံချောင်း ဆရာတော် ဘဒ္ဒန္တ တေဇနိယထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်အရှင်သူမြတ်တို့ထံမှ ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် ဝန်ကြီးဗိုလ်ချုပ်ဌေးဦးနှင့်ဇနီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

ဆက်သွယ်ရေးဝန်ကြီးဌာန ဝါဆိုသင်္ကန်းဆက်ကပ်

ရန်ကုန် ဇူလိုင် ၂၀

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မိသားစု၏ ပဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီခွဲတွင် စမ်းချောင်းမြို့နယ် ပြည်လမ်းရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဒေါပုံမြို့နယ် သာသနာ့အလင်းရောင်ကျောင်းတိုက် ဒီဃဘာဏက ဒီဃနိကာယ ကောဝိဒ သာသနာဓဇ သိရိပဝရ ဓမ္မာစရိယ ရွှေကျင် နိကာယ ဂိုဏ်းလုံးဝန်ဆောင် နာယက သမုတိရသံဃကိုယ်စားလှယ်တိုင်းသံဃနာယက ရွှေကျင်အဖွဲ့ဝင် ဆရာတော် ဘဒ္ဒန္တဇောတိက အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့်ဇနီး ဒေါ်မူမူဝင်း၊ ဝန်ကြီးရုံး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့မှ ဌာနအကြီးအကဲများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၇-၂၀၀၅ (ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်
၇း၂၀	တေးဂီတအစီအစဉ်
၇း၂၅	မျိုးကောင်းမျိုးသန့်စိုက်ပျိုးခြင်းအကြောင်း သိကောင်းစရာ
၇း၃၅	တေးဂီတအစီအစဉ်
၇း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၇း၄၅	ဘောလုံးသမားဘက်ခမ်း
၈း၃၀	တေးဂီတအစီအစဉ်
၈း၃၅	ပြည်တွင်းသတင်းအကျဉ်း
၈း၄၀	စိတ်ဝင်စားစရာပုလဲရတနာ အပိုင်း(၁)
၈း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၀၀	တေးဂီတအစီအစဉ်
၉း၀၅	ဂီတလွင်ပြင် (The Trees Band)
၉း၃၅	တေးဂီတအစီအစဉ်
၉း၄၀	ပြည်တွင်းသတင်းအကျဉ်း
၉း၄၅	ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်မြို့နယ်၊သထုံခရိုင်)
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	မိုးလေဝသခန့်မှန်းချက်
၁၀း၀၅	ဖန်တီးသူတို့အနုပညာ (ဇာတ်သဘင်၊မိတ်ကပ်)
၁၀း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅	နွယ်မြက်သစ်ပင်ဆေးဖက်ဝင် (ခံတက်ရွက်)
၁၀း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀	သမ္ဗုဒ္ဓေစေတီနှင့်ကျောက္ကာရွှေဂူနီ
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄) နာရီစာ အစီအစဉ်များကို ည ၂၃း၀၀နာရီအထိ (၄) ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ဝါဆိုသင်္ကန်းကပ်လှူ

အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီးဦးအောင်သောင်း၊ ဇနီး ဒေါ်ခင်ခင်ရီတို့ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစု၏ ဒုတိယကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲအခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော်ဘဒ္ဒန္တကုမာရထံ ဝါဆိုသင်္ကန်းကပ်လှူစဉ်။
(စက်မှု-၁)

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစု ဝါဆိုသင်္ကန်းကပ်လှူ ဝန်ကြီးဦးအောင်သောင်းနှင့် ဇနီး ဝါဆိုသင်္ကန်းဆက်ကပ်

ရန်ကုန် ဇူလိုင် ၂၀

အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းအားအမှူးပြု၍ ဝန်ထမ်းမိသားစု၏ ဒုတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ဇူလိုင် ၁၈ရက် မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ကျွန်စစ်သားလမ်းရှိ တိပိဋကမဟာဂန္ထဝင် နိကာယ်ကျောင်းတိုက်၌ ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းနှင့် ဇနီးဒေါ်ခင်ခင်ရီ၊ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးနှင့် အထွေထွေမန်နေဂျာများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

- ငါးပါးသီလဆောက်တည် -

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံမှ ဝန်ကြီးနှင့်ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များထံမှ ပရိတ်တရားတော်များကို နာကြားကြသည်။

- ဆက်ကပ်လှူဒါန်း -

ထို့နောက် ဝန်ကြီးဦးအောင်သောင်း၊ ဇနီး ဒေါ်ခင်ခင်ရီ၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူး၊ ဝန်ထမ်းမိသားစုတို့က ပင့်သံဃာတော် ၁၅ပါးတို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ် ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

- အမျှပေးဝေ -

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံမှ ဝန်ကြီးနှင့် ပရိသတ်တို့က သာဓုအနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအမျှပေးဝေကြသည်။ (သတင်းစဉ်)

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ဇနီး ဒေါ်မြင့်မြင့်ကိုနှင့် ပရိသတ်များ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ထမ်းမိသားစု၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင်လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။(ဆောက်လုပ်ရေး)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ထမ်းမိသားစု၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၈ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ဓမ္မာရုံ၌ ကျင်းပရာ ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ရွှေသုဝဏ် ကျောင်းတိုက်မှ ပဓာနဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသဒ္ဓိယအမှူးပြုသော သံဃာတော် ၁၀ ပါးတို့ ကြွရောက်တော်မူကြပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ဇနီး ဒေါ်မြင့်မြင့်ကို၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးတင့်ဆွေ၊ ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် ဇနီး၊ ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းနှင့် ဦးစီးဌာနများမှညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း(ရုံးချုပ်) ဓမ္မစကြာဝတ်အဖွဲ့ဝင်များ၊ ဝန်ထမ်းမိသားစုများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဝန်ကြီးနှင့် ဇနီးနှင့် ဧည့်ပရိသတ်တို့က အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသဒ္ဓိယထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများကို ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ဇနီး ဒေါ်မြင့်မြင့်ကို၊ ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် ဇနီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ဆက်ကပ် လှူဒါန်းကြသည်။

ယင်းနောက် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသဒ္ဓိယက အနုမောဒနာတရား ဟောကြားတော်မူပြီး ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

(သတင်းစဉ်)

ဇူလိုင် ၁၃ ရက်က (၅)ကြိမ်မြောက် မင်္ဂလာဈေးမိသားစု ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို မင်္ဂလာဈေးဓမ္မာရုံတော်ကြီး၌ ကျင်းပရာ ဓမ္မာရုံ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အမှုဆောင်များက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ကလေးဝတောရကျောင်းတိုက် ဦးစီးပဓာနနာယက ဒွိပိဋကဓရ ဘဒ္ဒန္တဇာဂရာဘိဝံသထံ ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းစဉ်။
(က-ပ)

ကျမ်းစာအုပ်များလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မြို့မရပ်ကွက် ဗဟန်း၃လမ်း ဝိမလာရာမနတ်ညွှန်းကျောင်းတိုက်၏ ပဓာနနာယက ဓမ္မာစရိယ ဒီဃဘာဏက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဆရာတော် ဘဒ္ဒန္တဝိမလ ရေးသားတော်မူအပ်သော စာချတန်းလက်စွဲ ပဒဝိနိစ္ဆယ ကျမ်းစာအုပ်များကို ဇူလိုင် ၁၆ ရက်က ဗဟန်းမြို့နယ် ဇေယျာသိဒ္ဓိစာသင်တိုက် သံဃာတော်များသို့ ပေးပို့လှူဒါန်းရာ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝေရောစန (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)က လက်ခံရယူကြောင်းသိရသည်။ (၃၅၂)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၁-၇-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာ တေးကဗျာ
- ၄:၅၅ ၈။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၉။ **အဝေးသင်တက္ကသိုလ်ပညာရေးပို့ချမှု အစီအစဉ် -ကရကအသုံးအနှုန်း (Usage of Karaka) (ဒုတိယနှစ်-အရှေ့တိုင်းပညာ)**
- ၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၆။ **ကာတွန်းအစီအစဉ် "ရောင်လင်လူစွမ်းကောင်းလေး" (အပိုင်း-၁၅)**
- ၆:၅၀ ၁၇။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "၂၄နာရီ" (အပိုင်း-၂၃)**
- ၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ မြဝတီရဲ့မြဝတီ
- ၂၂။ **အရှင်ဇနကာဘိဝံသထေရုပ္ပတ္တိ -လူတွင်တစ်ယောက်ဆိုရလောက်အောင် ထွန်းတောက်မည့်သူ**
- ၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကန္တာတောခြေ" (အပိုင်း-၁၁)**
- ၂၅။ သင့်အတွက်မနက်ဖြန်
- ၂၆။ အပိတ်နှုတ်ဆက်စကား
- ၂၇။ ပြီးပါပြီ။

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဓမ္မစေတီလမ်း မိုးညှင်းဝိပဿနာ တိုက်သစ်အတွင်း တည်ဆောက်လျက်ရှိသော ရွှေရတု စိန်တိုးဓမ္မာရုံသစ်ကြီးအတွက် ကွယ်လွန်သူ ကျေးဇူးရှင် ဦးကျော်တင်အား ရည်စူး၍ မိခင်ကြီး ဒေါ်ကြည်ကြည်၏ (၈၂)နှစ်ပြည့်မွေးနေ့၌ စမ်းချောင်းမြို့နယ် လင်းလွန်းလမ်း အမှတ်-၂၉/၃၁ နေ သား၊ သမီး၊ မြေး၊ မြစ် မိသားစုတို့ကအလှူငွေကျပ်၁၅သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးသန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၀

ဆာကူရာ အထူးကုဆေးခန်းမိသားစု၏ ဆဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ယမန်နေ့နံနက်၁၀နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ရှင်စောပုလမ်း အမှတ် (၂၃)ရှိ ဆာကူရာ အထူးကုဆေးခန်း၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု ညောင်တုန်းဆရာတော်ဘဒ္ဒန္တဩဘာသာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော် ၄၇ ပါးအား ဆာကူရာ အထူးကုဆေးခန်းပိုင်ရှင် ဦးဌေးအောင်နှင့် မိသားစုများ၊ ဧည့်သည်တော်များနှင့် ဆေးရုံဝန်ထမ်းများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်း ဆရာတော်ထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။ ဆက်လက်၍ ဝါဆိုသင်္ကန်းများဆက်ကပ်ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇာဂရာဘိဝံသထံမှ အနုမောဒနာ တရားနာယူကာ ရေစက်သွန်းချ အမျှပေးဝေကြသည်။ ထို့နောက် ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ဓညဝတီ သာသနာပြု ကျောင်းဆောင်သစ် ဆောက်လုပ်ရန် အလှူတော်ငွေပေးအပ်ပွဲနှင့် ဝါဆိုသင်္ကန်းလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

ဓညဝတီသာသနာပြုကျောင်းဆောင်သစ် ဆောက်လုပ်ရန် အလှူတော်ငွေပေးအပ်ပွဲနှင့် စုပေါင်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဦးထောင်ဗိုလ်လမ်းရှိ ဓညဝတီ သာသနာပြုကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဓညဝတီသာသနာပြု ကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဉာဏဝံသထံမှ ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

လျှောက်ထားတင်ပြ

ဆက်လက်၍ ဓညဝတီသာသနာပြု ကျောင်းဆောင်သစ် ဆောက်လုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်သာလှက ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းနှင့် အလှူတော်ငွေ ရရှိမှု အခြေအနေများကို လည်းကောင်း၊ စုပေါင်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းရခြင်းအကြောင်းကို လည်းကောင်း ရှင်းလင်းလျှောက်ထား တင်ပြသည်။

ယင်းနောက် ဓညဝတီသာသနာပြု ကျောင်းဆောင်သစ် ဆောက်လုပ်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးကျော်သာလှနှင့် ကော်မတီဝင်များက ဦးဆောင်၍ အလှူရှင်များက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ပေးအပ်

ထို့နောက် အလှူတော်ငွေ ပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ဗိုလ်တထောင်မြို့နယ် ဘိုကလေးဈေးလမ်းမှ ဦးအောင်သာထွန်း (ခေါ်) ဦးငန်းကျား၊ ဇနီး ဒေါ်မမြဦး မိသားစုက ငွေကျပ်သိန်း ၁၀၀ နှင့် အခြားအလှူရှင်များက စုပေါင်း လှူဒါန်းငွေများကို ပေးအပ်လှူဒါန်းကြပြီး ဓညဝတီ သာသနာပြု ကျောင်းဆောင်သစ် ဆောက်လုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံကြကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ဓညဝတီသာသနာပြု ကျောင်း ပဓာန နာယက ဆရာတော် ဘဒ္ဒန္တဉာဏဝံသ ထံမှ ပရိသတ်တို့က ရေစက်ချ အနုမောဒနာ တရားနာယူကြသည်။

ယနေ့ အလှူရှင်များ၏ လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၁၁၆သိန်းဖြစ်သည်။

(သတင်းစဉ်)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဝါဆိုလပြည့်နေ့က ဗဟန်းမြို့နယ် ဓညဝတီ သာသနာပြုကျောင်းတိုက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဓမ္မာရုံသစ် ဆောက်လုပ်ရန်အတွက် အလှူငွေ ပေးအပ်လှူဒါန်းပွဲကို အဆိုပါကျောင်း တိုက်၌ကျင်းပရာ အလှူရှင် ဦးအောင်သာထွန်း (ခ) ဦးငန်းကျား၊ ဇနီး ဒေါ်မမြဦး မိသားစုက အလှူငွေ ကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဇူလိုင် ၁၈ ရက်က မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံ စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှု လုပ်ငန်းများအတွက် အလှူရှင် ကြည့်မြင်တိုင် မြို့နယ် အမှတ် (၁၀၂) နတ်စင် လမ်းနေ ဦးတက်တိုး မိသားစုက ငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံယူစဉ်။ (၃၀၇)

ဝါဆိုသင်္ကန်းဆက်ကပ်

ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ပင်ရွှေညောင်လမ်းရှိ အရိယာမဂ္ဂင် ကမ္မဋ္ဌာန်းကျောင်းတိုက်၏ (၃၄)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲကို ဇူလိုင် ၂၀ ရက် (ဝါဆိုလပြည့်နေ့)က ကျင်းပရာ ဦးစီးနာယက ဆရာတော်ကြီး ဘဒ္ဒန္တနန္ဒိယအား ကျောင်းတိုက်အကျိုးဆောင်များနှင့် အလှူရှင်များက ဝါဆိုသင်္ကန်းဆက်ကပ်စဉ်။ (ကြေးမုံ)

ရန်ကုန်မြို့ ဒဂုံမြို့နယ် တော်ဝင်လမ်း အမှတ်(၃၉-ဘီ)နေ ဗိုလ်မှူး တင်မောင်ထွေး (ငြိမ်း)-ဒေါ်စောရီ (မြိတ်)နှင့် လမ်းမတော်မြို့နယ် ၁၄ လမ်း၊ အမှတ် (၁၈)နေ ညီမ ဒေါ်စောကြူ (မြိတ်) တို့က သုံးထပ်ဘိုးဘွား ဆေးရုံသစ်ကြီးအတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း (ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

'အပြင်းစားရိုက်ချက်' ရုံသုံးရုံ၌ ဆက်လက်ပြသ

ရုပ်ရှင်

ရန်ကုန် ဇူလိုင် ၂၀

ယခု သောကြာပတ်တွင် ဇာတ်ကားသစ် မဝင်ဘဲ ပြသဆဲဇာတ်ကားများသာ ပြသလျက်ရှိသည်။

ပြသဆဲ 'အပြင်းစားရိုက်ချက်' ဇာတ်ကားမှ လွင်မိုးနှင့် ခင်လှိုင်တို့၏ သရုပ်ဆောင်မှုကို တွေ့ရစဉ်။

အပြင်းစားရိုက်ချက်

ဒါရိုက်တာ မိုက်တီးရိုက်ကူးပြီး လွင်မိုး၊ တင့်တင့်ထွန်း၊ ထွန်းထွန်းနိုင်၊ မိုးဒီ၊ ခင်လှိုင်၊ ကင်းကောင်၊ ပိုးဖြူ၊ ရောတို့ ပါဝင်ထားကြသည်။ ဒါရိုက်တာဖြစ်လိုသူ လူငယ်တစ်ဦးနှင့် ချမ်းသာကြွယ်ဝပြီး မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့စရိုက်နှင့် ကိုက်ညီသည့် ရုပ်ရှင်ဇာတ်ကားများကိုသာ ထုတ်လုပ်လိုသူ ရုပ်ရှင်သူဌေးကြီးတစ်ဦးတို့ မမျှော်လင့်ဘဲ ဆုံတွေ့ကြရာမှ ဒါရိုက်တာဖြစ်လိုသူ လူငယ်၏ ရည်မှန်းချက် အောင်မြင်ပြီး ဇာတ်ကားတစ်ကားကို လက်တွေ့ရိုက်ကူး ထုတ်လုပ်သွားနိုင်ပုံကို ဟာသစွက်၍ ပရိသတ်အကြိုက် ရိုက်ကူးထားသည့် ဇာတ်ကား တစ်ကားဖြစ်သည်။

အပြင်းစားရိုက်ချက် ဇာတ်ကားကို သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့် ရုပ်ရှင်ရုံတို့တွင် ပြလျက်ရှိသည်။

နိုင်ငံခြားရုပ်ရှင်

ရှေ့ဆောင်ရုံတွင် Stephen Chow က ဇာတ်ညွှန်း၊ ဒါရိုက်တာသာမက သရုပ်ဆောင်အဖြစ် ပါဝင်ရိုက်ကူးထားသည့် Kung Fu Hustle ဇာတ်ကား တစ်ကျော့ပြန်ပြသသည်။ ရာဇဝတ်ဂိုဏ်းကြီးများအား ကွန်ဖူးပညာရှင်များက ခုခံတော်လှန်ကြပုံကို ဇာတ်လမ်းဆင်ရိုက်ကူးထားသည့် ကွန်ဖူးကိုယ်ခံပညာ အသားပေးဇာတ်ကားဖြစ်သည်။

နေပြည်တော်ရုံတွင် ဒါရိုက်တာ Lee Tamahor ရိုက်ကူးပြီး လူမည်း သရုပ်ဆောင် Ice Cube ပါဝင်သည့် xxx 2 ဇာတ်ကား ဆက်လက်ပြသနေသည်။

မကြာမီ ရုံတင်ပြသတော့မည့် 'ဘီလူး' ဇာတ်ကားမှ ဇာတ်ဝင်ခန်း တစ်ခန်းကို တွေ့ရစဉ်။

ဘီလူးဇာတ်ကား

အောင်ကျော်ဇော ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာမီးပွား ရိုက်ကူးပြီး ဇေလုဝ၊ ဇာဂနာ၊ သျှားညို၊ အောင်လွင်၊ ကင်းကောင်၊ ရော၊ ဆိုနီ၊ မိုးကျော်၊ ငြိမ်းချမ်း၊ ကောင်းကျော်၊ ထက်ထက်၊ ဝိုင်းချစ်၊ စိန်ရိုး၊ တိမ်ညွန့်၊ ပေါ်လေး၊ ဓာတ်လင်း၊ ဂေါ်ဇီလာတို့ ပါဝင် သရုပ်ဆောင်ထားကြသည့် ဘီလူး ဟာသဇာတ်ကားမှာ မကြာမီ ရုံတင် ပြသတော့မည်ဖြစ်သည်။ (ကြေးမုံ)

ဇူလိုင် ၁၂ ရက်က မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်လတ် ဦးဆောင်သော (၁/၂၀၀၅) စိုက်ပျိုးရေးပညာပေး သင်တန်းသူများ မော်လမြိုင်မြို့ မြိုင်သာယာ မူလတန်းကြိုကျောင်း အတွင်း၊ အပြင် သာယာလှပရေးအတွက် အရိပ်ရသစ်ပင်၊ ရွက်လှပင်များ စိုက်ပျိုးကြစဉ်။

(မိခင်နှင့်ကလေး)

ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) ရန်ကုန်မြို့တော်တစ်ဝန်းလုံးရှိ စေတီပုထိုးများ၌ ကုသိုလ်ပြုသူများစည်ကား

ရန်ကုန် ဇူလိုင် ၂၀

ယနေ့သည် မြန်မာနှစ် ၁၃၆၇ခုနှစ် ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)ဖြစ်သည်။ "သန္ဓေ၊တောထွက်၊ ဓမ္မစက်၊ မိန့်မြွက်လဝါဆို"ဟူသော လင်္ကာဖြင့် အမှတ်သညာပြုထားသော ဝါဆိုလပြည့်နေ့သည် ဗုဒ္ဓလောင်းလျာ သန္ဓေယူခဲ့ခြင်း၊ လောကီကို ငြီးငွေ့၍ တောဝနာသို့ ခိုဝင်ခဲ့ခြင်း၊ ဘုရားစင်စစ်ဖြစ်သည်တွင် လောကအတွက် ဓမ္မလမ်းစဉ်တော်ဖြစ်သော ဓမ္မစကြာဒေသနာတော်ဖြင့် ဗုဒ္ဓသာသနာတော်ကို စတင်ထူထောင်ခဲ့ခြင်း စသော ဂုဏ်ထူးဝိသေသများဖြင့် ပြည့်စုံသည့် နေ့ထူးနေ့မြတ်ကြီးဖြစ်သည်။

ထို့အတူ ဗုဒ္ဓ၏အာဏာဒေသနာတော်အရ သံဃာတော်များ ဝါဆို၊ဝါကပ်ခြင်းအမှုကို စတင်ရသောနေ့လည်း ဖြစ်ရာ ဗုဒ္ဓဘာသာဝင်ပြည်သူများသည် ယနေ့တွင်ဓမ္မစကြာ အခါတော်နေ့ပူဇော်ပွဲ များကျင်းပခြင်း၊ မြတ်စွာဘုရားအား ရွှေကြာသင်္ကန်းများဆက်ကပ်ခြင်း၊ ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ဥပုသ်သီတင်းသီလ ဆောက်တည်ကြခြင်း၊ ကုသိုလ်ပုညများကို ပွားများကြရာ ရန်ကုန်မြို့တော်တစ်ဝန်းလုံး၌ ပတ္တိဒါန၊ ပတ္တာနုမောဒနသံ များဖြင့် လျှံဝေလျက်ရှိသည်ကို တွေ့ရသည်။

ရန်ကုန်မြို့ သိင်္ဂုတ္တရကုန်းတော်ပေါ်၌ ရှေးနှစ်ပေါင်း ၂၅၀၀ ကျော် ကတည်းက တည်ထားကိုးကွယ်လာခဲ့သော လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ကြီးတွင် ယနေ့ အရုဏ်တက်ချိန်မှစ၍ မုခ်လေးမုခ် အာရုံခံတန်ဆောင်းများရှိ ကကုသန်၊ ကောဏာဂုံ၊ ကဿပနှင့် ဂေါတမဗုဒ္ဓဆင်းတုတော်များ၊ တန်ဆောင်းအသီးသီးရှိ ဗုဒ္ဓရုပ်ပွားတော်များနှင့် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များအား ရွှေကြာသင်္ကန်း၊ပန်း၊ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာနှင့် သစ်သီးဆွမ်း ကပ်လှူကြသူများ၊ ဓမ္မစက္ကပဝတ္တနသုတ်ပါဠိတော်၊ အနတ္တလက္ခဏာသုတ်ပါဠိတော်နှင့် ပရိတ်ကြီးပါဠိတော် ရွတ်ဖတ်ပူဇော်ကြသူများ၊ ဥပုသ်သီတင်းဆောက်တည်ကြသူများ၊ စတုဒိသာကျွေးမွေး **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✧

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဘုရားဖူးများ စည်ကား

ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)က လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော် ရင်ပြင်တော်ပေါ်တွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိနေသည်ကို တွေ့ရစဉ်။

(ကြေးမုံ)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဘယ်လ်ဂျီယံနိုင်ငံအမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၂၁

၂၀၀၅ခုနှစ် ဇူလိုင် ၂၁ရက်တွင် ကျရောက်သည့် ဘယ်လ်ဂျီယံနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ဘယ်လ်ဂျီယံနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဂီးဗာရော့စ်တတ်(ဒ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)



ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)တွင် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ ဘုရားဖူးပြည်သူများက ဆရာတော်ထံမှ သီလခံယူ၍ တရားနာယူကြစဉ်။ (သတင်းစဉ်)